# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဒသမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲအက်ဥပဒေများသည် လွတ်လပ်ရေးမရမီက ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေများဖြစ်ပြီး ထိုဥပဒေများသည် လက်ရှိကာလနှင့် မကိုက်ညီတော့သဖြင့် ယခုကာလနှင့်ကိုက်ညီသည့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေကို မည်သည့်အချိန်တွင် ရေးဆွဲပြဋ္ဌာန်းမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၆ | မိုးကောင်းမြို့နယ်၊ မြို့သစ်ကြီးကျေးရွာ ကွင်းအမှတ်(၆၁-ဃ)၊ စိုက်ခင်းမြေ ၈၁.၃၆ ဧကအား မူလ ပိုင်ရှင်တောင်သူများထံ မည်သို့သော အစီစဉ်များဖြင့် ပြန်လည်စွန့်လွှတ်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၇ | တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏ လက်ယာမြောင်းမကြီးပေါ်မှဖြတ်၍ Flume များကို လိုအပ်သလို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၈ | ကျောက်နွားသိုးဆည် (ခ) မန်းတမံမှ ကျူ့ဆက် (၃၀၀)ခန့် ရေလွှတ်နိုင်သော ရေလွှတ်ပေါက်တစ်ခုကို လာမည့်နွေရာသီတွင် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၉ | ပင်လယ်ရေတိုက်စားခံကျေးရွာများရှိ ကမ်းပြိုတားတမံများကို ရေရှည် တည်တံ့ခိုင်ခံ့ရန်အတွက် ပညာရှင်များဖြင့် လေ့လာတွေ့ရှိချက်အပေါ် ခေတ်မီနည်းပညာဖြင့် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၀ | မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကန်ကျေးရွာမှ ပြည်ထောင်စုလမ်းမကြီးအထိ လမ်းအရှည် ၂၀ မိုင်အား ရာသီမရွေးလွယ်ကူစွာသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၁ | ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းစာရင်းတွင် အမည်ပေါက် မပါဝင်သေးသောလမ်းများနှင့် နိုင်ငံအဝန်းကျေးလက်လမ်းများစာရင်းတွင် ထည့်သွင်းရန်ကျန်ရှိသော မြို့နယ်များအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အမည်ပေါက်စာရင်းထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၁ |
| ၁၂ | ဧရာဝတီတံတား(ညောင်တုန်း)၊ မီးရထားတံတားတည်ဆောက်ခဲ့စဉ် ပျက်စီး ကျန်ခဲ့သော လယ်မြေနှင့် ယာမြေများ၌ လုပ်ကိုင်စားသောက်ခဲ့ကြသော တောင်သူများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြေယာလျော်ကြေး ပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၄ |
| ၁၃ | အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေဠုဝနကျောက်စိမ်းစေတီတော် အဝင်လမ်းအား မည်သည့်အချိန်တွင် ဖောက်လုပ်ခွင့်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၆ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၉ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၅ |

၁၆ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်က တရားဥပဒေ ၆၈
စိုးမိုးရေးတာဝန် တစ်ရပ်အနေဖြင့် အများပြည်သူတို့နှင့် နေ့စဉ် ထိတွေ့ဆက်ဆံပြီး
ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန် ထမ်းဆောင်နေသော မြန်မာနိုင်ငံ
ရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲရန်နှင့် အင်အားတိုးမြှင့်ရန်
နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ
ဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

၁၇ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်က တင်သွင်းသည့် ၆၉
အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်
အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

၁၈ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် တောင်သူ ၆၉
လယ်သမားဘဝ ရေရှည် တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက်
စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော
ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ်
အတိုးမဲ့နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်
အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း
အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

၁၉ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ၇၂
သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း
ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၂၀ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၈၁
ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့်
နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# (၂၀-၈-၂၀၂၀) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ် ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ ရေး မဲဆန္ဒနယ်၏ **ပြည်ထဲရေး ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲအက်ဥပဒေများ သည် လွတ်လပ်ရေးမရမီက ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေများဖြစ်ပြီး ထိုဥပဒေများသည် လက်ရှိကာလနှင့် မကိုက်ညီတော့သဖြင့် ယခု**

**ကာလနှင့် ကိုက်ညီသည့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေကို မည်သည့်အချိန်တွင် ရေးဆွဲပြဋ္ဌာန်းမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မိုးကောင်းမြို့နယ်၊ မြို့သစ်ကြီး ကျေးရွာ ကွင်းအမှတ် (၆၁-ဃ)၊ စိုက်ခင်းမြေ ၈၁.၃၆ ဧကအား မူလ ပိုင်ရှင်တောင်သူများထံ မည်သို့သော အစီအစဉ်များဖြင့် ပြန်လည် စွန့်လွှတ်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏ လက်ယာမြောင်းမကြီးပေါ်မှဖြတ်၍ Flume များကို လိုအပ်သလို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **ကျောက်နွားသိုးဆည် (ခ) မန်းတမံမှ ကျူ့ဆက် (၃၀၀) ခန့် ရေလွှတ်နိုင်သော ရေလွှတ်ပေါက်တစ်ခုကို လာမည့် နွေရာသီတွင် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပင်လယ်ရေတိုက်စားခံ ကျေးရွာများရှိ ကမ်းပြိုတားတမံများကို ရေရှည်တည်တံ့ခိုင်ခံ့ရန်အတွက် ပညာရှင်များဖြင့် လေ့လာတွေ့ရှိချက်အပေါ် ခေတ်မီနည်းပညာဖြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကန်ကျေးရွာမှ ပြည်ထောင်စုလမ်းမကြီးအထိ လမ်းအရှည် (၂၀)မိုင် အား ရာသီမရွေး လွယ်ကူစွာသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ်**

**ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးကျော်စိုး၊ ဇန်းမောက် မဲဆန္ဒနယ်၏ **ဇန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းစာရင်းတွင် အမည်ပေါက်မပါဝင်သေးသောလမ်းများနှင့် နိုင်ငံအဝှန်း ကျေးလက်လမ်းများစာရင်းတွင် ထည့်သွင်းရန် ကျန်ရှိသော မြို့နယ်များအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အမည်ပေါက် စာရင်းထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **ရောဝတီတံတား (ညောင်တုန်း)၊ မီးရထားတံတားတည်ဆောက်ခဲ့စဉ် ပျက်စီးကျန်ခဲ့သော လယ်မြေနှင့် ယာမြေများ၌ လုပ်ကိုင်စားသောက်ခဲ့ကြသော တောင်သူများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြေယာလျော်ကြေးပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးအောင်ဇော်မြင့်(ခ)ဦးစိုးမြင့်၊ အမရပူရ မဲဆန္ဒနယ်၏ **အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောာစနကျောက်စိမ်းစေတီတော် အဝင် လမ်းအား မည်သည့်အချိန်တွင် ဖောက်လုပ်ခွင့်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အသေးစား**

**ငွေရေးကြေးရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒေါက်တာဦးအောင်ထွန်းခိုင်(ခ) ဦးချိန်ဝင်း၊ ရေး မဲဆန္ဒနယ်က **"တရားဥပဒေစိုးမိုးရေးတာဝန်တစ်ရပ်အနေဖြင့် အများပြည်သူတို့နှင့် နေ့စဉ်ထိတွေ့ ဆက်ဆံပြီး ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲရန်နှင့် အင်အားတိုးမြှင့်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၁။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၂။ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"တောင်သူလယ်သမား**

**ဘ၀ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည် ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၊

( ခ ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၊

( ဂ ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

(ဃ) ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

( င ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၊

( စ ) ဦးအေးမောင်၊ ဘောလခဲ မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

( ဇ ) ဗိုလ်မှူးမိုးဦးကျော်၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၃။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဒသမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်

အစည်းအဝေး ဒသမနေ့အစီအစဉ် စတင် ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၆၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၄.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် နှစ်ရက်၊

(၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် တစ်ရက်၊

(၃) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် တစ်ရက်၊

(၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် တစ်ရက်၊

(၆) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၇) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် တစ်ရက်၊

(၈) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် တစ်ရက်၊

(၁၀) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ခွင့် တစ်ရက်၊

(၁၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် တစ်ရက်၊

(၁၂) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ခွင့် တစ်ရက်၊

(၁၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် တစ်ရက်၊

(၁၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် လေးရက်၊

(၁၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် တစ်ရက်၊

(၁၆) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် တစ်ရက်၊

(၁၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် ခွင့် နှစ်ရက်၊

(၁၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် နှစ်ရက်၊

(၂၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် တစ်ရက်၊

(၂၁) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် တစ်ရက်၊

(၂၂) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် တစ်ရက်၊

(၂၃) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ခွင့် တစ်ရက်၊

**မူကြမ်း**

(၂၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် တစ်ရက်၊

(၂၅) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် တစ်ရက်၊

(၂၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် တစ်ရက်၊

(၂၇) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် တစ်ရက်၊

(၂၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် တစ်ရက်၊

(၂၉) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် တစ်ရက်၊

(၃၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် တစ်ရက်၊

(၃၁) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် တစ်ရက်၊

(၃၂) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် တစ်ရက်၊

(၃၃) မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် တစ်ရက်၊

(၃၄) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် တစ်ရက်၊

(၃၅) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် တစ်ရက်၊

(၃၆) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် တစ်ရက်၊

(၃၇) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် တစ်ရက်၊

(၃၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် တစ်ရက်၊

(၃၉) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် တစ်ရက်၊

(၄၀) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် တစ်ရက်၊

(၄၁) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် တစ်ရက်၊

(၄၂) မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း ခွင့် တစ်ရက်၊

(၄၃) ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ခွင့် တစ်ရက်၊

(၄၄) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် တစ်ရက်၊

(၄၅) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် တစ်ရက်၊

**မူကြမ်း**

(၄၆) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် တစ်ရက်၊

(၄၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၄၈) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် တစ်ရက်၊

(၄၉) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ကိုးရက်၊

(၅၀) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် တစ်ရက်၊

(၅၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် တစ်ရက်၊

(၅၂) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် တစ်ရက်၊

(၅၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် တစ်ရက်၊

(၅၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် တစ်ရက်၊

(၅၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် နှစ်ရက်၊

(၅၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် တစ်ရက်၊

(၅၇) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် တစ်ရက်၊

(၅၈) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် တစ်ရက်နှင့်

(၅၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ခုနစ် ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ

ခုနစ် ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော လွှတ်တော်အခွင့်အရေးကော်မတီမှအဖွဲ့ဝင် ဗိုလ်ချုပ်တင်ဆွေဝင်း အစား ဗိုလ်ချုပ်အောင်မျိုးထွန်းအားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှအဖွဲ့ဝင် ဗိုလ်မှူးကြီးခင်မောင်ချိုအစား ဗိုလ်မှူးကြီးသန်းလှိုင်အား လည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ အစားထိုး လဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုကြောင်းကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲအက်ဥပဒေများသည် လွတ်လပ်ရေးမရမီက ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေများဖြစ်ပြီး ထိုဥပဒေများသည် လက်ရှိကာလနှင့် မကိုက်ညီတော့သဖြင့် ယခုကာလနှင့်ကိုက်ညီသည့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေကို မည်သည့်အချိန်တွင် ရေးဆွဲပြဋ္ဌာန်းမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ယခု ကျွန်တော်မေးမယ့်မေးခွန်းမှာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲအက်ဥပဒေများသည် လွတ်လပ်ရေးမရမီက ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေများဖြစ်ပြီး ထိုဥပဒေ ပြဋ္ဌာန်းချက်များသည် လက်ရှိကာလနှင့်မကိုက်ညီတော့သဖြင့် ယခုကာလနှင့်ကိုက်ညီသည့် ရဲတပ်ဖွဲ့ ဆိုင်ရာဥပဒေကို မည်သည့်အချိန်တွင် ရေးဆွဲပြဋ္ဌာန်းမည်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ များအေးချမ်းစွာသွားလာနေထိုင်ရေး၊ လုပ်ကိုင်စားသောက်နိုင်သည့် လူမှုဘဝပတ်ဝန်းကျင်ဖြစ်ရေး အတွက် တာဝန်ယူဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များသည် ၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲအက်ဥပဒေ၊ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ၊ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေများအပါအဝင် တည်ဆဲဥပဒေများအားလုံးကို လိုက်နာ ရပါသည်။ ရဲအက်ဥပဒေများသည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလ ပြဋ္ဌာန်းထားသည့်ဥပဒေ များဖြစ်ပြီး ထိုပြဋ္ဌာန်းချက်များအနက် အချို့ပြဋ္ဌာန်းချက်များသည် လက်ရှိကာလနှင့် ကိုက်ညီမှု မရှိတော့သဖြင့် လက်ရှိနှင့်ကိုက်ညီသည့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၂ တွင် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ထူးခြားသည့်လုပ်ငန်းသဘောသဘာဝအရ ယင်းတို့နှင့်ပတ်သက်၍ သီးခြားဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ဖော်ပြထားကြောင်းတွေ့ရှိရပါသည်။ ရဲတပ်ဖွဲ့ဝင်များ ရှေ့သို့ဆောင်ရွက် ရမည့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေသည် လက်ရှိကာလအခြေအနေနှင့် လိုအပ်ချက်များ၊ အားနည်းချက်များ

ရှိနေသဖြင့် ပြည်သူလူထုအတွက် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနိုင်မှုမရှိခြင်း၊ လုပ်ငန်းစွမ်းရည်ကျဆင်းလာခြင်း၊ အကျင့်ပြစ်ခြစားမှုနှင့် အဂတိလိုက်စားမှုများပြားလာပြီး တရားဥပဒေစိုးမိုးမှုအားနည်းလာပါသည်။ ထိုသို့ဖြစ်လာပါက လူထုမှ ရဲတပ်ဖွဲ့အပေါ် ယုံကြည်အားကိုးမှုများလျော့နည်းလာ၍ ရဲလုပ်ငန်းတွင် ပြည်သူလူထုမှပူးပေါင်းဆောင်ရွက်မှုများလျော့နည်းကျဆင်းလာပြီး ရဲတပ်ဖွဲ့အပေါ် ယုံကြည်မှုအားနည်းလာမည်ဖြစ်ပါသည်။

ကျွန်တော်အဓိကတင်ပြလိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေသည် ဥပဒေကြမ်းရေးဆွဲပြီးဖြစ်သော်လည်း ယနေ့အထိ ပြဋ္ဌာန်းနိုင်ခြင်းမရှိဘဲ ကြန့်ကြာနေသည့်ကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်မှစ၍ ရေးဆွဲခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းအား ၂၀၁၇ ခုနှစ်မတ်လမှစ၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီမှ ဦးဆောင်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများပါဝင်သည့်အဖွဲ့နှင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကို အခါအားလျော်စွာဖိတ်ကြား၍ ပါဝင်ဆွေးနွေးခြင်းဖြင့်လည်းကောင်း ကဏ္ဍပေါင်းစုံမှ ဆွေးနွေးအကြံပြုချက်များအရ ၂၀၁၈ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကြမ်းကို ရေးဆွဲနိုင်ခဲ့ပါသည်။ ထိုဥပဒေကြမ်းအား ဥပဒေပြဋ္ဌာန်းနိုင်ရေးလုပ်ငန်းစဉ်များအတိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီအစည်းအဝေးသို့ တင်ပြချက်များရယူခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များတောင်းခံ၍ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်သော်လည်း ထိုဥပဒေကြမ်းမှာယနေ့အထိ လွှတ်တော်များသို့ ရောက်ရှိလာခြင်းမရှိသဖြင့် ဆွေးနွေးအတည်ပြုနိုင်ခြင်း မရှိကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေသည် ယခုလက်ရှိကာလအခြေအနေအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၂ အရလည်းကောင်း ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပထမအကြိမ် လွှတ်တော်သက်တမ်း ငါးနှစ်ကာလ၌လည်းကောင်း၊ ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်း ယနေ့အထိလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များကမေးခွန်းများ မေးမြန်းခဲ့ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ရေးဆွဲနေကြောင်း အကြိမ်ကြိမ်ပြောကြားနေသည်ကို တွေ့ရပါသည်။ ဥပဒေကြမ်းရေးဆွဲနေသည်မှာ

ငါးနှစ်ခန့်ရှိသည့်အပြင် ရေးဆွဲပြီးသည့်ဥပဒေကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များတောင်းခံ၍ အကြံပြုချက်များအရ လိုက်နာဆောင်ရွက်ပြီးဖြစ်သော်လည်း ယနေ့အထိ လွှတ်တော်များသို့ ရောက်ရှိဆွေးနွေးနိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲများကျင်းပရန် အချိန်များနီးကပ်လာပြီဖြစ်၍ တိုင်းပြည်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို တာဝန်ယူဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ပြည့်စုံကောင်းမွန်သည့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေတစ်ရပ်။

[မေးခွန်းမေးမြန်းရန် သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်စိုးတင့်နိုင်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းရည်မှန်းချက်တာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသောအမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံအတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စတဲ့လုပ်ငန်းတာဝန်(၆)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲအက်ဥပဒေများနဲ့ တည်ဆဲအထူးနဲ့ အထွေထွေဥပဒေများဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် တိကျစွာအပ်နှင်းထားတဲ့ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်ရဲအက်ဥပဒေကို ၁၈၉၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တာဖြစ်ပြီး ရဲအက်ဥပဒေကိုတော့ ၁၉၄၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ရဲအက်ဥပဒေများပါ ပြဋ္ဌာန်းချက်များဟာ ယေဘုယျအားဖြင့် ရဲတပ်ဖွဲ့စီမံအုပ်ချုပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ၊ စည်းကမ်းသေဝပ်တည်ငြိမ်ရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် တပ်ဖွဲ့ဝင်များကို စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များပါဝင်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါရဲအက်ဥပဒေများဟာ လက်ရှိအခြေအနေများအရ လိုအပ်ချက်၊ အားနည်းချက်များ ရှိတာမှန်သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်တဲ့အခါမှာ ရဲလက်စွဲပါပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေများနဲ့ ထုတ်ပြန်ထားတဲ့အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရတဲ့အပြင် ရဲတပ်ဖွဲ့ဝင်များစောင့်ထိန်းလိုက်နာရတဲ့ ရဲကျင့်ဝတ်အပါး ၇၀ နဲ့ အညီ ကျင့်သုံးဆောင်ရွက်နေရတဲ့အတွက် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့က စီမံခန့်ခွဲလျက်ရှိတဲ့ဥပဒေ ၂၃ ခုရှိပါတယ်။ ဒီဥပဒေများအပေါ် ကျင့်သုံးဆောင်ရွက်တဲ့အခါမှာ တည်ဆဲဥပဒေများအပြင် ရဲလက်စွဲပါပြဋ္ဌာန်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်ရာမှာလိုအပ်တဲ့ ကိုယ်စီတာဝန်တည်မြဲအမိန့်များ၊ လုပ်ငန်းရေးရာတည်မြဲအမိန့်များနှင့် ညွှန်ကြားချက်များကိုပါထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိတဲ့အတွက် ယခုအချိန်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်ဆဲဖြစ်သော်လည်း လုပ်ငန်းတာဝန်များဆောင်ရွက်ရာမှာ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုပ်ငန်းတာဝန်များဆောင်ရွက်ရာမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများကို ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့် ရဲလက်စွဲပထမတွဲမှ စတုတ္ထတွဲအထိ ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါရဲလက်စွဲများကို ခေတ်အဆက်ဆက် လိုက်လျောညီထွေအောင် မြန်မာဘာသာပြန်ဆိုပြင်ဆင်တည်းဖြတ်ခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၉၉ ခုနှစ်မှာ ရဲလက်စွဲများပြန်လည်ပြင်ဆင်ရေးကော်မတီကိုဖွဲ့စည်းပြီး ရဲလက်စွဲပထမတွဲနဲ့ စတုတ္ထတွဲကို မြန်မာပြန်ဆိုကာ ခေတ်စနစ်နဲ့လိုက်လျောညီထွေဖြစ်အောင် အကြိမ်ကြိမ်စိစစ်ပြီး ရဲလက်စွဲပထမတွဲအဖြစ်

တပေါင်းတည်း ရေးသားပြုစုခဲ့ပါတယ်။ ဒါ့အပြင် ရဲလက်စွဲဒုတိယတွဲနဲ့ တတိယတွဲတို့ကိုလည်း ခေတ်စနစ်နဲ့လျော်ညီအောင် စိစစ်တည်းဖြတ်ပြင်ဆင်ခဲ့ပါတယ်။ ရဲလက်စွဲပထမတွဲက ရဲတပ်ဖွဲ့ဆိုင်ရာစီမံအုပ်ချုပ်ခြင်းများနဲ့သက်ဆိုင်ပြီး ဒုတိယတွဲကတော့ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ရဲလုပ်ငန်းများနဲ့ သက်ဆိုင်ပါတယ်။ တတိယတွဲကတော့ ရထားတပ်ဖွဲ့နဲ့သက်ဆိုင်တဲ့ အကြောင်းအရာဖြစ်ပါတယ်။ ဒါကလည်း ရထားပို့ဆောင်ရေးလုပ်ငန်းက ကျယ်ပြန့်ကြီးမားတဲ့ အတွက် ၁၉၀၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံမီးရထားနဲ့ စုံထောက်ဌာနဆိုတာ ဖွဲ့စည်းဆောင်ရွက်ခဲ့တာကြောင့် ရထားရဲတပ်ဖွဲ့အတွက် သီးခြားရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ထို့အတူ စုံထောက်ဌာန အတွက်လည်း စုံထောက်လက်စွဲဆိုပြီး သီးခြားရေးဆွဲဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ရဲတပ်ဖွဲ့ဝင်များကို စည်းကမ်းထိန်းသိမ်းရေးအတွက် ယခင်က ရဲအက်ဥပဒေပါပြဋ္ဌာန်းချက်များနဲ့ အရေးယူဆောင်ရွက်ခဲ့ပေမဲ့ စည်းကမ်းပိုမိုကောင်းမွန်တဲ့တပ်ဖွဲ့တစ်ခုဖြစ်ဖို့အ တွက် ၁၉၉၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးလည်း ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၂ မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ထူးခြားတဲ့လုပ်ငန်းသဘောသဘာဝအရ သီးခြားဥပဒေပြဋ္ဌာန်းရမယ်လို့ပါရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(င)မှာလည်း နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များဟာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် အကျုံးဝင်ခြင်းမရှိစေရလို့ပါရှိတဲ့အတွက် တိုးတက်ပြောင်းလဲလာတဲ့ အခြေအနေများနဲ့ လိုက်လျောညီထွေဖြစ်အောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို အသစ်ရေးဆွဲဖို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာလည်း နိုင်ငံတော်မှာရှိတဲ့ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့လက်ရှိဖွဲ့စည်းပုံနဲ့ ရှေ့အနာဂတ်အတွက် မျှော်မှန်းချက်များနဲ့ပါ ပြည့်စုံညီညွတ်မှုရှိစေရန် ရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း) ရေးဆွဲရေးအတွက် ကော်မတီဖွဲ့စည်းပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေအကြံပေးကော်မတီများမှာ စုစုပေါင်း အစည်းအဝေး(၁၆)ကြိမ်ပြုလုပ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အကြံပြုချက်နှစ်ကြိမ် တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း) ရေးဆွဲနေချိန်မှာ နိုင်ငံတော်ရဲ့ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာတဲ့အခြေအနေနဲ့ မြန်မာနိုင်ငံကပါဝင်အတည်ပြုထားတဲ့ ကုလသမဂ္ဂ ကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့တပ်ဖွဲ့တွေကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိပါတယ်။ ဒီလိုတိုးချဲ့ဖွဲ့စည်းတဲ့အထဲမှာ နိုင်ငံတော်ရဲ့နယ်နိမိတ်နဲ့ နယ်စပ်ဒေသလုံခြုံရေးအတွက်

နယ်ခြားစောင့် ရဲတပ်ဖွဲ့ကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံမှာ ပါဝင်တဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဟာ နိုင်ငံရဲ့နယ်နိမိတ်နဲ့ နယ်စပ်ဒေသလုံခြုံရေးကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျန်တဲ့တပ်ဖွဲ့များနှင့် လုပ်ငန်းသဘောသဘာဝကွဲပြားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို တိတိကျကျ သတ်မှတ်နိုင်ဖို့အတွက် ဥပဒေတစ်ရပ်သီးခြားရေးဆွဲသင့်ကြောင်း တွေ့ရှိရတဲ့အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေကိုရေးဆွဲတဲ့အခါမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေနဲ့လည်း ညီညွတ်မှုရှိပြီး ဥပဒေတစ်ခုနဲ့တစ်ခု ကွဲလွဲမှုမရှိဘဲ ချိတ်ဆက်ညီညွတ်မှုရှိရန် လိုအပ်ချက်များအပေါ်သုံးသပ်၍ ဥပဒေ(မူကြမ်း)များ ရေးဆွဲလျက်ရှိတဲ့အတွက် အဆိုပါဥပဒေနှစ်ခုအား တစ်ပြိုင်တည်း အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါဥပဒေ(မူကြမ်း)များကို ရေးဆွဲရာမှာ လက်ရှိရဲတပ်ဖွဲ့က လိုက်နာကျင့်သုံးနေသော ရဲလက်စွဲများမှ အချို့အစိတ်အပိုင်းတွေကိုလည်း ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လိုအပ်သောနည်းဥပဒေများကိုပါ ရေးဆွဲရမှာဖြစ်တဲ့အတွက် ဒီအပိုင်းတွေကိုလည်း လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေတစ်ခုပြဋ္ဌာန်းပြီးရင် လိုအပ်ချက်များ ရှိတဲ့အခါမှာ ပြင်ဆင်ဖြည့်စွက်ရန် အချိန်ယူဆောင်ရွက်ရတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း)ကို တင်ပြခဲ့တဲ့အခြေအနေတွေနဲ့ ညီညွတ်ပြီး ပြီးပြည့်စုံတဲ့ဥပဒေတစ်ခုဖြစ်အောင် သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**မိုးကောင်းမြို့နယ်၊ မြို့သစ်ကြီးကျေးရွာ ကွင်းအမှတ်(၆၁-ဃ)၊ စိုက်ခင်းမြေ ၈၁.၃၆ ဧကအား မူလပိုင်ရှင်တောင်သူများထံ မည်သို့သော အစီစဉ်များဖြင့် ပြန်လည်စွန့်လွှတ်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မြို့သစ်ကြီးကျေးရွာ၊ တောင်သူ ၄၂ ဦးရဲ့

စိုက်ခင်းမြေ ၈၁.၃၆ ဧက ပြန်လည်စွန့်လွှတ်ပေးနိုင်ရေးအစီအစဉ်ကို သိလိုတဲ့အတွက် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့သစ်ကြီးကျေးရွာက တောင်သူ ၄၂ ဦး ဟာ ၁၉၅၈ ခုနှစ်မှာ အဆိုပါတောရိုင်းမြေကို ခုတ်ထွင်ရှင်းလင်းပြီး ခေးမဦးချစိုက်ပျိုးခဲ့ကြပါတယ်။ ၁၉၆၀ ခုနှစ်ကနေ ၁၉၉၀ ခုနှစ်အထိ ကြံခင်းများစိုက်ပျိုးပြီး နမ္မတီးသကြားစက်ကို ကြံစိုက်ပျိုး ရောင်းချခဲ့တဲ့ ကြံတောင်သူတွေဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်မှာ မ.ဝ.တ ဥက္ကဋ္ဌ ဗိုလ်မှူးဝမ်ထိန်က သကြားစက်အတွက်၊ မျိုးကြံစိုက်ခင်းအတွက်ဆိုပြီး နှုတ်နဲ့သိမ်းယူခဲ့တာဖြစ်ပါတယ်။ ၁၂-၉-၁၉၉၅ ရက်နေ့မှာ ကချင်ပြည်နယ်၊ အထူးဒေသ(၂) KIO အဖွဲ့ကို အခမဲ့လုပ်ပိုင်ခွင့် ၁၅ နှစ်နဲ့ လွှဲပြောင်း လုပ်ကိုင်စေခဲ့ပါတယ်။ ၂၇-၂-၂၀၀၉ ရက်နေ့မှာ နမ္မတီးသကြားစက်ရုံကြီးကို ကျပ်သန်း ၃၅၀ နဲ့ အပြီးအပိုင် လွှဲပြောင်းရောင်းချပေးခဲ့ပြီး KIO အဖွဲ့ပိုင် ဘူဂါးကုမ္ပဏီက ဆက်လက်လုပ်ကိုင်လျက် ရှိရာမှာ အဆိုပါမြေကိုလည်း လက်ရောက်ရယူဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြံတောင်သူများအနေနဲ့ ၎င်းတို့မြေပြန်လည်ရရှိရေး အစဉ်အဆက် တင်ပြခဲ့ပေမဲ့ ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။ ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း မြို့သစ်ကြီးကျေးရွာ မဲဆန္ဒရှင်များနဲ့တွေ့ဆုံပွဲမှာ ကျေးရွာသူ ကျေးရွာသားများရဲ့တင်ပြချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးခွန်းများ မေးမြန်းခဲ့ပါ တယ်။ သက်ဆိုင်ရာဌာနများရဲ့ဖြေကြားချက်များအရ နမ္မတီးသကြားစက်ကို လွှဲပြောင်းလုပ်ကိုင် စေရာမှာလည်းကောင်း၊ အပြီးအပိုင်ရောင်းချရာမှာလည်းကောင်း၊ သကြားစက်ရုံတည်ရှိရာ မြေနေရာ ၉၈.၉၃ ဧကသာဖြစ်ပြီး တောင်သူများ ၄၂ ဦးပိုင် တင်ပြပါစိုက်ပျိုးမြေ ၈၁.၃၆ ဧက မပါဝင် ကြောင်း သိရှိခဲ့ရတဲ့အတွက် တောင်သူများ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြရပါတယ်။ သို့ပါသော် လည်း တောင်သူများပြန်လည်လုပ်ကိုင်ခွင့်ရရေး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အဆင့်ဆင့်ကို တင်ပြဆောင်ရွက်ရာမှာ နှောင့်နှေး ကြန့်ကြာမှုတွေဖြစ်နေတဲ့အတွက် ဒီမေးခွန်းပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါဟာ တောင်သူများရဲ့တင်ပြစာဖြစ်ပါတယ်ခင်ဗျား။ ဒါဟာ ဒီနေ့တင်ပြတဲ့ တောင်သူ ၄၂ ဦးဖြစ်ပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီရဲ့ စိစစ်တွေ့ရှိချက် ဖြစ်ပါတယ်။ စိစစ်တွေ့ရှိချက်အရ သိမ်းယူစဉ်က ဥပဒေနဲ့ အညီ သိမ်းယူခဲ့တာမဟုတ်ဘူး။ နောက်ပြီး တရားဝင်လွှဲပြောင်းရာမှာလည်း ဒီသကြားစက်မြေ ဒီထဲမှာဒီဟာမပါဘူး။ နောက်ပြီးတော့ တောင်သူတွေအချင်းချင်း အပြန်အလှန်ထောက်ခံမှုရှိတဲ့ အတွက်၊ ဒီမြေဟာ

တောင်သူတွေပိုင်တဲ့မြေဖြစ်တဲ့အတွက် ပြန်လည်စွန့်လွှတ်စေသင့်ကြောင်း ပါဝင်တဲ့ စိစစ်တွေ့ရှိချက်ဖြစ်ပါတယ်။ ဒါဟာ မူလက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက ကိုင်တွယ်ဆောင်ရွက်ခဲ့တဲ့စက်ရုံဖြစ်တဲ့အတွက် ဝန်ကြီးဌာနကိုမေးမြန်းရာမှာ စက်မှုဝန်ကြီးဌာနကို လွှဲပြောင်းပြီးဖြစ်တဲ့အတွက် ဒီကိစ္စကိုလည်း စက်မှုဝန်ကြီးဌာနက ဖြေရှင်း ဆောင်ရွက်ရမယ့် ကိစ္စဆိုပြီးတော့မှ ဖြေကြားခဲ့တဲ့ ဖြေကြားချက်ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနကို မေးမြန်းရာမှာတော့ သကြားစက်အပြီးအပိုင် လွှဲပြောင်းတဲ့အခါမှာ နမ္မတီးသကြားစက်မြေ ၉၈.၉၃ ဧကကိုသာ လွှဲပြောင်းပေးခဲ့ကြောင်းနဲ့ ဒီမြေ ၈၁.၃၆ ဧကဟာ အဆင့်ဆင့်လွှဲပြောင်းရာမှာ မပါဝင်ကြောင်း ဖြေကြားချက်ဖြစ်ပါတယ်ခင်ဗျား။ ဒီမြေပုံမှာပါတဲ့ အောက်ဘက်က အဝါရောင်နဲ့ဝိုင်းပြထားတာကတော့ သကြားစက်တည်နေရာ ဖြစ်ပါတယ်။ အပေါ်ဘက်က အနီရောင်နဲ့ဝိုင်းပြထားတာကတော့ တောင်သူ ၄၂ ဦးရဲ့ စိုက်ပျိုးမြေ ဖြစ်ပါတယ်ခင်ဗျား။ သကြားစက်ကိုပဲ လွှဲပြောင်းရောင်းချခဲ့တာဖြစ်တဲ့အတွက် ဒီမြေနဲ့ သုံးမိုင်လောက်ဝေးတဲ့ စိုက်ပျိုးမြေနေရာဟာ သီးခြားစီဖြစ်တယ်ဆိုတာကိုလည်း ပေါ်လွင်ထင်ရှားအောင် တင်ပြရခြင်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာအသီးသီးရဲ့ ဖြေကြားချက်အရလည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီများရဲ့ စိစစ်တွေ့ရှိချက်များအရလည်းကောင်း တောင်သူ ၄၂ ဦးကို ပြန်လည်စွန့်လွှတ်ပေးရမည်မှာ ပေါ်လွင်ထင်ရှားနေပြီဖြစ်တဲ့အတွက် မိုးကောင်းမြို့နယ်၊ မြို့သစ်ကြီး ကျေးရွာ ကွင်းအမှတ်(၆၁-ဃ)၊ စိုက်ခင်းမြေ ၈၁.၃၆ ဧကအား မူလပိုင်ရှင်တောင်သူများထံ မည်သို့သော အစီအစဉ်များဖြင့် ပြန်လည်စွန့်လွှတ်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံတောင်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်မေးမြန်းတဲ့ မေးခွန်းအပေါ် ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးလှကျော်မှ ကိုယ်စားဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မြို့သစ်ကြီးကျေးရွာ ကွင်းအမှတ်(၆၁–ဃ)၊ စိုက်ခင်းမြေ ၈၁.၃၆ ဧကကို မူလပိုင်ရှင်တောင်သူတွေကို ပေးနိုင်ဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ တာဝန်ရှိသူတွေ တွေ့ဆုံစိစစ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ဖြေကြားထားပါတယ်။ နမ္မတီးမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ မြို့သစ်ကြီးကျေးရွာအုပ်စု တောင်သူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ တာဝန်ရှိသူတွေ၊ သက်ဆိုင်တဲ့ဘူဂါးကုမ္ပဏီမှ တာဝန်ခံတွေနဲ့ တွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း တင်ပြထားတာကို ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို စီမံဆောင်ရွက်ခဲ့မှုနှင့်အညီ ဗဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကနေချထားတဲ့ မူဝါဒလမ်းစဉ်နှင့် ဆောင်ရွက်ရန်အချက် ၅၂ ချက်အနက် စွန့်လွှတ်နိုင်ခြင်းမရှိတဲ့ သိမ်းဆည်းမြေများနှင့်စပ်လျဉ်းပြီး စိစစ်ရန်အချက် ၅ ချက်ကို သက်ဆိုင်ရာ ဘူဂါးကုမ္ပဏီအား အသေးစိတ်ရှင်းလင်းချပြခဲ့ကြောင်း ဖြေကြားထားပါတယ်။ ကုမ္ပဏီမှာတာဝန်ရှိတဲ့ တာဝန်ခံများအနေနဲ့လည်းပဲ မိမိတို့ရဲ့ကုမ္ပဏီရုံးချုပ်ရှိရာ မြစ်ကြီးနားကို ဆက်လက်တင်ပြပြီးတော့ တရားဝင်အကြောင်းကြားစာနဲ့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြပါတယ်။ သို့သော်လည်းပဲ ယခုအချိန်ထိ ဘူဂါးကုမ္ပဏီမှ အကြောင်းပြန်ကြားလွှာ တစ်စုံတစ်ရာမရရှိသေးတဲ့အခြေအနေဖြစ်ကြောင်း ဖြေကြားထားပါတယ်။ တရားဝင်ဆက်သွယ်အကြောင်းကြားစာရရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးမြန်းခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူဂါးကုမ္ပဏီက မြစ်ကြီးနားမြို့တစ်မြို့လုံးနှင့် ဝိုင်းမော်မြို့ကို လျှပ်စစ်မီးပေးနေတဲ့ တကယ့်အကြီးစားကုမ္ပဏီကြီးတစ်ခုဖြစ်ပါတယ်။ မြစ်ကြီးနားမှာ ကုမ္ပဏီရုံးချုပ်ထိုင်ပြီးတော့ စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေတဲ့ကုမ္ပဏီဖြစ်ပါတယ်။ ဒီကုမ္ပဏီက သက်ဆိုင်ရာအုပ်ချုပ်နေတဲ့ အဖွဲ့အစည်းနဲ့သေချာပေါက် အဆက်အသွယ်ရှိနေတယ်ဆိုတာ အားလုံး

ငြင်းလို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ လစဉ်လတိုင်း ဝင်ငွေတွေစီးဆင်းဆောင်ရွက်နေရတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ ဆက်စပ်ပြီးသိလိုတာက ကျွန်တော်တို့ကို ညှိနှိုင်းပေးတဲ့ကာလ ဘယ်လောက်များ အချိန်ယူရမလဲ၊ ဘယ်တော့များ ကုမ္ပဏီကနေ ရှင်းရှင်းလင်းလင်း အဖြေသိရမလဲဆိုတာကို သိလိုတဲ့အတွက် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တစ်ဆက်တစ်စပ်တည်း မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အသိပေးအကြောင်း ကြားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။

**တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏ လက်ယာမြောင်းမကြီးပေါ်မှဖြတ်၍ Flume များကို လိုအပ်သလို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကိုမေးမြန်းလိုတာကတော့ တောင်တွင်းကြီးမြို့နယ် ရန်ပယ်ဆည်၏လက်ယာမြောင်းမကြီးပေါ်မှဖြတ်ပြီး Flume လို့လည်းခေါ်တဲ့၊ Super Passage လို့လည်းခေါ်တဲ့ ရေသွယ်လျှောက်ကြီးများ တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအကျိုးကို ဖော်ပြပါမယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာ နာမည်ကျော်ရန်ပယ်ဆည်ကြီးရှိပါတယ်။ အဲဒီဆည်ကြီးမှာရေပေးဝေတဲ့ လက်ဝဲမြောင်း၊ လက်ယာမြောင်းရယ်လို့ရှိပါတယ်။ လက်ယာမြောင်းမကြီးဟာ တောင်တွင်းကြီးမြို့နယ်ကို အရှေ့တောင်အရပ်ကနေပြီးတော့ အနောက်မြောက်အရပ်ကိုဖြတ်သန်း ဖောက်လုပ်ထားပြီး အရှည် ၁၄ မိုင်နီးပါးရှိပါတယ်။

ရေလွှဲလက်တံ DY ၁၃ ခုရှိပါတယ်။ DY ၁၃ ခုရှိသော်လည်းပဲ တစ်ကယ်ရေပေးဝေနိုင်တာက တော့ DY3 နဲ့ DY4 လောက်သာဖြစ်ပါတယ်။ မိုးနည်းရေရှားမှုကြောင့်လည်း ဆည်အတွင်းကို ရေဝင်ရောက်နိုင်မှုဟာအလွန်နည်းပါတယ်။ ကျန်တဲ့ DY ၁၀ ခုကို ရေမပေးဝေနိုင်ပါဘူး။ လက်တွေ့ သုံးမရသော DY များသာဖြစ်နေတာ နှစ်ပေါင်းများစွာကြာပါပြီ။ ဒါကြောင့်ဒီဆည်ကြီးဆောက်ပြီး၊ ဒီမြောင်းကြီးဖောက်ပြီးကတည်းက မြောင်းအောက်ပိုင်းကစပါးစိုက်တောင်သူအချို့ ဒုက္ခရောက်ကြ ရပါတော့တယ်။ ဒီအုပြင်ဆည်ကြီးရဲ့ လက်ယာမြောင်းမကြီးရဲ့လက်ယာဘက်က စီးဆင်းလာတဲ့ ပဲခူးရိုးမပေါ်ကစီးကျလာတဲ့ချောင်းများ၊ ရိုးများရဲ့ရေများဟာ လက်ယာမြောင်းမကြီးရဲ့ မြောင်းပေါင် ကြီးများကို ကျော်ဖြတ်နိုင်ခြင်းလုံးဝမရှိပါဘူး။ ဒါကြောင့်လက်ယာမြောင်းမကြီးရဲ့အရှေ့ဘက်ခြမ်း က တောင်သူများကတော့ ဆည်ရေမရသော်လည်း သဘာဝချောင်းရေ၊ ရိုးရေများရပြီးစပါးစိုက်နိုင် ကြပါတယ်။ လက်ဝဲဘက်ခြမ်းကတော့ မိုးကောင်းမှသာစပါးစိုက်နိုင်ကြပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရန်ပုံငွေနှင့် ဒီလက်ယာမြောင်းမကြီးပေါ်က ဖြတ်ပြီးတော့ လွန်ခဲ့တဲ့နှစ်များက Flume လို့ခေါ်တဲ့ရေသွယ်လျှောက်များကို ဆောက်လုပ်တပ်ဆင်ပေးနိုင်ခဲ့ပါ တယ်။

ဒါကြောင့် လယ်ကေများစွာရေတင်ခြင်းဘေးကကင်းဝေးပြီး လယ်သမားများစွာစိတ်ချမ်းသာ ခဲ့ရပါတယ်။ နှစ်ပေါင်းများစွာရွှေကိုမလိုရေကိုလိုသောတောင်သူလယ်သမားများရဲ့ ဘဝအမောကို ပြေဖျောက်ပေးနိုင်ခဲ့ပါတယ်။ အခုချိန်မှာတော့ Flume များတည်ဆောက်ပြီးစီးခဲ့ပါသော်လည်း အခြားလိုအပ်သောနေရာများ ကျန်ရှိနေပါသေးတယ်။ ဒေသခံတောင်သူလယ်သမားများကလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များထံ Flume များထပ်မံပြီးတော့တည်ဆောက်ပေးဖို့ တစာစာတောင်းဆိုလျက်ရှိပါတယ်။ ဒါကြောင့်ဆည်ရှိပြီးရေမရ၊ မြောင်းရှိပြီးရေမရှိတဲ့ နာမည်ကျော် ရန်ပယ်ဆည်ကြီးရဲ့ လက်ယာမြောင်းမကြီးကိုဖြတ်ပြီး ရေတင်နေတဲ့တောင်သူလယ်သမားများ အတွက် ရေသွယ်လျှောက်ကြီးများကို လယ်သမားများရဲ့ဆန္ဒကိုဖြည့်စွမ်းနိုင်ဖို့အတွက် ဆောက်လုပ် ပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းရင်း ဆောက်လုပ်ပြီးစီးသွားတဲ့ Flume များ ရေသွယ်လျှောက်များကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ဖို့အတွက် ကျွန်တော့်အား Power Point ဖြင့်တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားပါတယ်။ ဒီပုံကတော့ တောင်တွင်းကြီးမြို့နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ ဒီမြေပုံမှာ ရန်ပယ်လက်ယာမြောင်းမကြီးကို အပြာရောင်နဲ့ကျွန်တော်ပြထားပါတယ်။ ရေသောက်ဧရိယာကို အနီရောင်စက်ဝိုင်းနဲ့ ပြထားပါတယ်။ တစ်ကယ်တော့ရေသောက်ဧရိယာမဟုတ်တော့ပါဘူး။ ရေတင် နေတာပါ။ ဒါကြောင့်မြားပြထားတဲ့အရှေ့ဘက်က ရိုးမပေါ်ကကျလာတဲ့ရေစီးများကို ရန်ပယ်

လက်ယာမြောင်းမကြီးပေါ်ကဖြတ်ပြီး ရေသွယ်လျောက်(Flume)များ ဆောက်လုပ်ပေးဖို့ တောင်းဆိုနေကြတာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးရန်ပုံငွေနဲ့ကျွန်တော်တို့ဆောက်ထားတာတွေ ဖြစ်ပါတယ်။ Flume များဖြစ်ပါတယ်။ ရေသွယ်လျောက်ဆိုတာထိုကဲ့သို့ လက်ယာမြောင်းမကြီးပေါ်ကနေဖြတ်ပြီးတော့ ရေမရှိတဲ့မြောင်းမကြီးပေါ်ကနေဖြတ်ပြီးတော့ တည်ဆောက်ထားရတာဖြစ်ပါတယ်။ အခုလည်း မြင်တဲ့အတိုင်းပါပဲ။ လက်ယာမြောင်းမကြီးကအောက်ကပါ။ သို့သော် မြောင်းထဲမှာ ရေမရှိပါဘူး။ ထို့ကြောင့် လက်ယာဘက်ကနေလက်ဝဲဘက်ကို ကျွန်တော်တို့ ထိုကဲ့သို့ Flume များ တပ်ဆင်ပြီးဆောက်လုပ်ထားရခြင်း ဖြစ်ပါတယ်။ Flume များဖြစ်ပါတယ်။ ဒေသခံတောင်သူလယ်သမားများ ရေများဖြတ်သန်းသွားလာတာကို ဝမ်းပန်းတသာကြည့်ရှုနေပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ အဲဒါကြောင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း မေးမြန်းတဲ့ တောင်တွင်းကြီးမြို့နယ်အတွင်းရှိတဲ့ ရန်ပယ်ဆည်ရဲ့ လက်ယာမြောင်းမကြီးပေါ်မှာဖြတ်ပြီးတော့ Flume တွေကိုလိုသလိုဆောက်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းမှာ ရန်ပယ်ရေလှောင်တမံကို ၂၀၀၂ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပါတယ်။ လက်ဝဲမြောင်းမကြီးကတော့ အလျားက ခုနစ်မိုင်ရှိပြီးတော့ လက်ယာမြောင်းမကြီးကတော့ အလျား ၁၃ မိုင်ပါဝင်တဲ့ ဆည်ရေသောက်စနစ်ကိုလည်းပဲ တစ်ပါတည်း တည်ဆောက်ခဲ့ပါတယ်။ ရာသီဥတုပြောင်းလဲခဲ့မှုရဲ့ အကျိုးဆက်ကြောင့် မိုးရွာသွန်းမှုတွေနည်းပါးလာတာနဲ့အတူ တမံတွင်းရေဝင်ရောက်မှုတွေ လျော့နည်းလာခဲ့ပါတယ်။ တမံတည်ရှိတဲ့နေရာသဘာဝ မြေမျက်နှာပြင်အနိမ့်အမြင့် အနေအထားအရလည်း မိုးစပါးစိုက်ပျိုးရေပေးဝေရာမှာ လက်ဝဲမြောင်းမကြီး

အဆုံးအထိ ရေပေးဝေနိုင်သော်လည်းပဲ လက်ယာမြောင်းမကြီးအနေနဲ့ အောင်လံ-တောင်တွင်းကြီး ကားလမ်းအထိ(ပေတိုင် ၂၆၀၀၀ အထိ) သာ ရေပေးဝေနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအနေအထားမှာ တမံရဲ့လက်ယာမြောင်း ပေတိုင် ၂၆၀၀၀ ရဲ့ အောက်ပိုင်းမှာရှိတဲ့ ဧရိယာတွေအတွက်မြောင်းရဲ့ လက်ယာဘက်ခြမ်းရိုးချောင်း ၁၈ ခုကနေ စီးလာတဲ့မြောင်းအတွင်းက စီးဝင်ရေတွေကို လိုအပ်တဲ့ရေအားအဆောက်အအုံတွေ တည်ဆောက်ပြီးတော့ ထိန်းချုပ်ကာလက်တံမြောင်းကြီးတွေကတစ်ဆင့် ရေပေးဝေနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လက်ယာမြောင်းမကြီး အဖျားပိုင်းမှာရှိတဲ့ ပုဂံကုန်းရွာအနီးက လယ်ယာမြေတွေနဲ့ ပန်းတောငယ်ကျေးရွာမူလတန်းကျောင်း ရေနစ်မြုပ်နေမှုကနေ ကာကွယ်ပေးဖို့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါတယ်။ လိုအပ်တဲ့ရေအားအဆောက်အအုံများ တည်ဆောက်ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးရန်ပုံငွေနဲ့ ရန်ပယ်လက်ယာမြောင်းမကြီး ပေတိုင် ၃၁၀၀၀၊ ၃၆၄၀၀ နှင့် ၃၇၄၀၀ တို့မှာ ရေသွယ်လျှောက်(Flume) သုံးခု တည်ဆောက်ပေးခဲ့ပြီးတော့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ပေတိုင် ၂၅၃၀၀၊ ၂၈၀၀၀၊ ၃၂၀၀၀၊ ၄၁၀၀၀ နှင့် ၅၉၁၀၀ တို့မှာ ရေသွယ်လျှောက်(Flume) ငါးခုထပ်မံတည်ဆောက်ဖို့ လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ပယ်ဆည်လက်ယာမြောင်းမကြီး အောက်ပိုင်းဧရိယာတွေ မိုးစပါး စိုက်ပျိုးရေရရှိဖို့နဲ့ ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာဖို့အတွက် ကွင်းဆင်းစစ်ဆေးပြီးတော့ လိုအပ်တဲ့ ရေပေးအဆောက်အအုံတွေ တည်ဆောက်ဖို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး မိမိတို့ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်နွားသိုးဆည် (ခ) မန်းတမံမှ ကျူ့ဆက် (၃၀၀)ခန့် ရေလွှတ်နိုင်သော ရေလွှတ်ပေါက်တစ်ခုကို လာမည့်နှစ်ရာသီတွင် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပမာဏ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်နွားသိုးဆည်လို့ခေါ်တဲ့ မန်းတမံကနေပြီး ကျူ့ဆက် (၃၀၀)ခန့်ရေလွှတ်နိုင်တဲ့ ရေလွှတ်ပေါက်တစ်ခုထပ်မံတည်ဆောက်ပေးပါရန် ကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်မှာရှိတဲ့ တောင်သူတွေဟာ စိုက်ပျိုးရေရရှိရေးအတွက် အိုင်းမဆည်ကိုအဓိကအားကိုးပြီးတော့ စိုက်ပျိုးနေကြရတာဖြစ်ပါတယ်။ အိုင်းမဆည်စပြီးတော့တည်ဆောက်တဲ့အချိန်တုန်းက မြောက်မန်းမြောင်းမကြီးသာတည်ရှိပြီးတော့ တောင်သူတွေရေရရှိမှု အဆင်ပြေခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ တောင်မန်းမြောင်းမကြီးကို တိုးချဲ့ပြီးတော့ ရေသွင်းစိုက်ပျိုးမြေကိုတိုးချဲ့ဆောင်ရွက်ခဲ့တဲ့အတွက် အိုင်းမဆည်ကနေပြီးတော့ မြောက်မန်းမြောင်းမကြီးအပြင် တောင်မန်းမြောင်းမကြီးနှင့်ကုလားဟောင်းမြောင်းတို့ကိုပါ ရေပေးဝေလျက်ရှိရာ ယခင်တုန်းကတော့ မိုးရာသီမှာ စိုက်ပျိုးရေရရှိမှု အသင့်အတင့်အဆင်ပြေခဲ့သော်လည်းပဲ အခုနှစ်မှာတော့ ပျိုးထောင်ရေကတည်းက အဆင်မပြေဖြစ်နေခဲ့တာဖြစ်ပါတယ်။ နောက်သီးနှံအောင်ရေရရှိရေးအတွက် ရေပေးဝေရာမှာလည်းပဲ နှစ်စဉ်ရေလုံလောက်မှုတစ္စာပေးဝေနိုင်ခြင်းမရှိတဲ့အတွက် တောင်သူတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီးတော့ အဖြေရှာခဲ့ကြရပါတယ်။ အကြောင်းကဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ ကျောက်နွားသိုးဆည်(ခ) မန်းတမံကနေပြီးတော့ ကျူ့ဆက် (၅၀၀)ခန့် ရေပေးဝေနိုင်သော်လည်းဘဲ ပန်းထိမ်းမန်းကနေပြီးတော့ရေကူမှသာလျှင် အဆင်ပြေခဲ့ကြတာ ဖြစ်ပါတယ်။ အဲ့ဒီလိုပန်းထိမ်းမန်းကရေမကူတဲ့အခါမှာ စိုက်ပျိုးသီးနှံတွေအောင်မြင်ရေးအတွက် ရေလုံလောက်စွာပေးဝေနိုင်ဖို့အတွက် မန်းတမံကနေပြီး ကျူ့ဆက် (၃၀၀)ခန့် ထပ်မံပြီးတော့ လွှတ်နိုင်တဲ့

ရေထွက်ပေါက်တစ်ခုထပ်မံတည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ကျောက်နွားသိုးဆည်လို့ခေါ်တဲ့ မန်းတမံပဲဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ရေနည်းတဲ့အချိန်ပေါ့။ ကျွန်တော်တို့က ဒီရေထွက်ပေါက်ကနေပြီးတော့ အိုင်းမဆည်ကို ရေလွှတ်တဲ့အခြေအနေပဲဖြစ်ပါတယ်။ အခုလို ရေနည်းတဲ့အချိန်မှာဆိုလို့ရှိရင် ကျွန်တော်တို့က ကျူ့ဆက် (၃၀၀)ခန့်ထပ်ပြီးလွှတ်နိုင်တဲ့အပေါက်ကိုဖောက်ဖို့အတွက် အဆင်ပြေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာဖောက်မယ်ဆိုလို့ရှိရင် ဒေသခံတောင်သူတွေအတွက်လည်း စိုက်ပျိုးရေ အခက်အခဲမဖြစ်နိုင်တဲ့အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့က ရေလွှတ်ပေါက်ကနေပြီးတော့ ရေပေးဝေမှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆည်မြောင်းဦးစီးဌာနက ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကွင်းဆင်းပြီးတော့လေ့လာတဲ့ အခြေ အနေပဲဖြစ်ပါတယ်။ ဒါကတော့ မန်းတမံကနေပြီးတော့ အိုင်းမဆည်ကို ရေလွှတ်တဲ့ရေလွှတ် ပေါက်ကနေ ရေထွက်နေတဲ့အခြေအနေပဲဖြစ်ပါတယ်။ ဒါကတော့ အိုင်းမရေလွှဲဆည်ဖြစ်ပါတယ်။ အိုင်းမရေလွှဲဆည်ရောက်တဲ့အခါမှာ မန်းချောင်းကို ဒီလိုတားပြီးတော့ မြောင်းဘက်ကို ရေလွှတ်မယ့် အခြေအနေပဲဖြစ်ပါတယ်။ ဒါက အိုင်းမရေလွှဲဆည်ကနေ တောင်သူတွေစိုက်ပျိုးရေရရှိရေးအတွက် လွှတ်တဲ့ မြောင်းအပေါက်ကိုဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီမှာအနီကွင်းနဲ့ဝိုင်းထားတဲ့ လေးထောင့် ကွက်နေရာက ရေထွက်ပေါက်ကိုးပေါက် ရေလိုအပ်ချိန်လိုအပ်သလို ထိန်းညှိပြီးလွှတ်တဲ့ အခြေ အနေဖြစ်ပါတယ်။ ဒီတစ်ဘက်က အဝါရောင်အကွက်ကတော့ထပ်မံပြီးတော့ လိုအပ်လို့လွှတ်ဖို့ လိုအပ်လာတဲ့အခါမှာ ရေပေးဝေနိုင်ဖို့အတွက်ထပ်မံဖောက်ထားတဲ့ အရန်အပေါက်ပဲ ဖြစ်ပါတယ်။ ယခုအချိန်ထိအောင် ဆည်တည်ဆောက်ပြီးကတည်းကအတိုင်း ဒီအပေါက်တည်ဆောက်ပြီး ကတည်းကအတိုင်း ထပ်ပြီးတော့တစ်ခါမှ မလွှတ်ရသေးတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ မန်းတမံ ကနေပြီးတော့ ရေထွက်ပေါက်တစ်ခုသာ ထပ်မံတည်ဆောက်ပြီးတော့ ဒီအိုင်းမဆည်ကရေပေးဝေတဲ့ မြောင်းမကြီးကိုပြင်ပြီးတော့ ရေလွှတ်ဖို့လိုတယ်ဆိုလို့ရှိရင် ဒီအပေါက်ကနေ အရန်သင့်လွှတ်နိုင်မယ့် အခြေအနေကိုတင်ပြရခြင်းဖြစ်ပါတယ်။ ဒါကတော့၎င်းအပေါက်ကို တစ်ခါမှမလှပ်ရသေးတဲ့ အပေါက်ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျောက်နွားသိုးဆည်(ခ)မန်းတမံကနေပြီးတော့ ကျူ့ဆက် (၃၀၀)ခန့်ထပ်မံပြီးတော့ ရေလွှတ်နိုင်တဲ့ရေလွှတ်ပေါက်တစ်ခုကို လာမယ့်နွေရာသီမှာ ထပ်မံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံတောင်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းတဲ့မေးခွန်းအပေါ်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါ့မယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်းမှာ မန်းချောင်းပေါ် တည်ဆောက်ထားတဲ့ မန်းချောင်းရေလှောင်တမံ (ဒေသအခေါ် ကျောက်နွားသိုးဆည်)ဟာ အိုင်းမရေလွှဲဆည်နဲ့ ရေသောက်စနစ်ကို စိုက်ပျိုးရေလုံလောက်စွာ ဖြည့်တင်းပေးဝေးနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ၁၉၉၉ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ ရေလှောင်တမံဖြစ်ပါတယ်။ မန်းချောင်း ရေလှောင်တမံရဲ့ အိုင်းမရေလွှဲဆည်ကနေ စုစုပေါင်းလယ်မြေဧက လေးသောင်းခုနစ်ရာကျော် အပေါ်မှာ မိုးစပါးနှစ်စဉ် ဧက သုံးသောင်းခွဲနဲ့ နွေစပါး ဧက ၃၀၀၀ စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ အဲဒီလို စိုက်ပျိုးရေပေးဝေလျက်ရှိရာမှာ ရေထုထည်စီးနှုန်းပမာဏ (၈၀၀) ကျူ့ဆက်ခန့် လိုအပ်တဲ့အတွက် မန်းချောင်းရေလှောင်တမံမှာရှိတဲ့ ရေထုတ်ပြွန်ကနေ (၅၀၀) ကျူ့ဆက်နဲ့ မန်းချောင်းတမံနဲ့ အိုင်းမရေလွှဲဆည်အကြားမှာရှိတဲ့ ပန်းထိမ်းမန်းချောင်း၊ ပဇီချောင်းကနေ စီးဝင်ရေ (၃၀၀) ကျူ့ဆက်ခန့်ကို ပေါင်းစပ်ပြီး စိုက်ပျိုးရေပေးဝေဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယခုနှစ်မိုးရာသီမှာ မိုးရွာသွန်းမှုနည်းပါးခဲ့တဲ့အတွက် ပန်းထိမ်းမန်းချောင်းနဲ့ ပဇီချောင်းတို့ကနေ စီးဝင်ရေပမာဏ (၃၀၀) ကျူ့ဆက်မပြည့်မီတဲ့အတွက် စိုက်ပျိုးရေအခက်အခဲဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဘက်မှာလည်း ဒေသရဲ့ မိုးရွာသွန်းမှုနည်းပါးတဲ့ အခြေအနေတွေအရ အိုင်းမဆည်ရေသောက်စနစ် အတွင်းမှာရှိတဲ့ တောင်မန်းမြောင်းနှင့် မြောက်မန်းမြောင်းများရဲ့ မြောင်းအဖျားပိုင်းဧရိယာတွေမှာ စိုက်ပျိုးရေအခက်အခဲများ ဖြစ်ပေါ်ခဲ့မှုနဲ့အတူ မူလရေးဆွဲထားတဲ့ ဆည်ကရေပေးတဲ့ရေလှည့်ဇယားများကို ပြန်လည်သုံးသပ်ပြီးတော့ လိုအပ်သလို စီမံဆောင်ရွက် လျက်ရှိပါတယ်။ စိုက်ပျိုးရေ အခက်အခဲဖြစ်ပေါ်နေတဲ့ မြောင်းအဖျားပိုင်းဧရိယာတွေမှာ ရေ

လိုအပ်ချက်များပြားတဲ့ စပါးသီးနှံအစား ရေလိုအပ်ချက်နည်းတဲ့ စီးပွားရေးကပိုမိုတွက်ခြေ ကိုက်နိုင်မယ့်သီးနှံတွေ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက်ကိုလည်းပဲ (Cropping Pattern) များရေးဆွဲပြီး တောင်သူတွေကို ပညာပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မန်းချောင်းရေလှောင်တမံမှာ (၃၀၀) ကျူ့ဆက်ခန့် ထုတ်လွှတ် ပေးနိုင်မယ့်ရေထုတ်ပေါက်တစ်ခု ထပ်မံတည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်နိုင်မဲ့ အခြေအနေကို အသေးစိတ်စူးစမ်းလေ့လာတိုင်းတာမှုများ အချိန်ယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စူးစမ်းလေ့လာမှုအချက်အလက်တွေဟာ ဆောင်ရွက်ဖို့ဖြစ်မြောက်နိုင်စွမ်း အခြေအနေအပေါ် တည်မှီပြီးတော့ လိုအပ်တဲ့ဒီဇိုင်းရေးဆွဲကာ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်း လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်းနှင့် လာမယ့်နွေအတွက်တော့ ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့ အခြေအနေဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

**ပင်လယ်ရေတိုက်စားခံကျေးရွာများရှိ ကမ်းပြိုတားတမံများကို ရေရှည်တည်တံ့ခိုင်ခံ့ရန်အတွက် ပညာရှင်များဖြင့် လေ့လာတွေ့ရှိချက်အပေါ် ခေတ်မီနည်းပညာဖြင့် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ဖြစ်ပါတယ်။ ကျွန်မမေးလိုတဲ့မေးခွန်းကတော့ ပင်လယ်ရေတိုက်စားခံရ၍ ကမ်းပြိုတားတမံတွေကို ရေရှည်တည်တံ့ခိုင်ခံ့ရန်အတွက် တတ်သိပညာရှင်များဖြင့် လေ့လာ တွေ့ရှိချက်အပေါ် ခေတ်မီနည်းပညာဖြင့် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးရှင်။ ပင်လယ်ရေတိုက်စား၍ ပျက်စီးသွားတဲ့ကမ်းပြိုတားတမံတွေကို နည်းပညာ မရှိဘဲ မွမ်းမံရုံဖြင့် ရေရှည်ခိုင်ခံ့ရန် မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ကမ်းပြိုကာကွယ် တဲ့နည်းစနစ်တွေကို လေ့လာပြီး စနစ်တကျတည်ဆောက်မှသာ ရေရှည်ခိုင်ခံ့မှာ ဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်မတို့ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ အလုပ်ကျေးရွာနှင့် ဒေးကင်းကျေးရွာတို့ဟာ နှစ်စဉ် ပင်လယ်ရေတိုက်စား၍ ကမ်းပြိုတဲ့ဒဏ်ကိုခံနေရပါတယ်။ ပင်လယ်ရေတိုက်စားတဲ့ဒဏ်ကြောင့် ပျက်စီးသွားတဲ့ ကမ်းပြိုမှုကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်မှာ ကျပ်သိန်း ၄၅၀၀ ကုန်ကျခံပြီး တည်ဆောက်ခဲ့ပါသော်လည်း သုံးလခန့်သာကြာပြီး ပြိုပျက်ပျက်စီးခဲ့ရပါတယ်။ ဒါကို ပြန်လည်ထိန်းသိမ်း ဖို့အတွက် ဘတ်ဂျက် ကျပ်သိန်း ၆၀၀ ထပ်မံချပေးခဲ့သော်လည်း ထူးခြားမှုမရှိပါဘူး။ နှစ်စဉ်ပြုပြင် ထိန်းသိမ်းစရိတ် သိန်း ၄၀၀ နှစ်စဉ်ချပေးခဲ့သော်လည်း ယနေ့အချိန်ထိ စိတ်ချရတဲ့အခြေအနေ မဖြစ်သေးပါဘူးရှင်။ အလားတူပဲ ဒေးကင်းကျေးရွာသည်လည်း ပင်လယ်ရေတိုက်စားခြင်းကြောင့် ကမ်းပြိုမှုကို ကာကွယ်ရန် မြေသားတမံကို ကျပ်သိန်း ၂၅၀၀ ကို ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ဖြင့် ချပေးခဲ့ပါတယ်။ ဒါပေမဲ့ ကမ်းပြိုတာကိုတော့ တားဆီးလို့မရပါဘူး။ နိုင်ငံတော်အနေဖြင့် တတ်သိ ပညာရှင်တွေရှိပေမဲ့ ခေတ်မီနည်းပညာအားနည်းချက်ကြောင့် နည်းဟောင်းအတိုင်းသာ ဆက်လက် ဆောင်ရွက်နေသောကြောင့် ရေရှည်ခိုင်ခံ့မှုမရှိဘဲ ဖြစ်နေပါတယ်။ ကျောက်စီနံရံအဖြစ် တည်ဆောက်ခြင်း၊ ကျောက်တုံးများချပြီးတော့ ကာကွယ်နေတဲ့နည်းသည် ပင်လယ်ရေတိုက်စား တာကို ကာကွယ်လို့ မရတော့ပါဘူး။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့နည်းများဖြင့် တည်ဆောက်မှသာ ဘတ်ဂျက်လေလွင့်မှုကို လေ◌ျ◌့နည်းစေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုနိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ကမ်းပြိုကာကွယ်တဲ့နေရာမှာ ထိရောက်တဲ့ Geo Tube သုံးတဲ့နည်း၊ Geo Formas သုံးတဲ့နည်း၊ Plastic Sheet Pile သုံးတဲ့ကာကွယ်နည်းတွေ သုံးစွဲနေကြတာ ကြာမြင့်နေပါပြီ။ မြန်မာနိုင်ငံမှာ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ထီးကုန်းကျေးရွာမှာ ကမ်းပြိုတာကို Geo Formas နည်းဖြင့် တည်ဆောက်ထားတာကို တွေ့ခဲ့ရပါ တယ်။ ဤနည်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သုံးစွဲသင့်ပါတယ်။ ဘတ်ဂျက်အနေနဲ့ ကြည့်မယ် ဆိုရင် ကျွန်မတို့အလုပ်ကျေးရွာ ကမ်းပြိုကာကွယ်တဲ့နေရာမှာ Geo Tube နည်းဖြင့် သုံးလို့ရှိရင် ပေ ၁၀၀၀ အရှည်၊ ၁၀ ပေ တာရိုးအမြင့်ကို တည်ဆောက်ကုန်ကျစရိတ်သည် ကျပ် ၃၉၁.၄ သန်းသာ ကုန်ကျမှာဖြစ်ပြီး တည်ဆောက်ချိန်က သုံးလကြာမြင့်မှာ ဖြစ်ပါတယ်။ နှစ် ၅၀ ကြာရှည်ခံမည်ဟု လည်း တွက်ချက်ခဲ့ကြပါတယ်။ ယခင်နည်းဟောင်းအတိုင်း သဲဖြည့်ကျောက်စီကုန်ကျစရိတ်က ကျပ်သိန်း ၈၅၀ ကုန်ကျပေမဲ့ တစ်နှစ်သာကြာရှည်ခံမှာ ဖြစ်ပါတယ်။ ဒေးကင်းကျေးရွာလိုမျိုး ကမ်းပြိုကာကွယ်တဲ့နေရာမှာ Geo Formas နည်းဖြင့် သုံးစွဲပါက ကမ်းအရှည်ပေ ၁၆၀၀၊ အမြင့် ၁၅ ပေ ကို Formas အရှည် ပေ ၅၀ ဖြင့် ကုန်ကျစရိတ်က ကျပ် ၅၇၁ သန်းသာ ကုန်ကျပြီး

တည်ဆောက်ချိန်က သုံးလကြာမြင့်မှာ ဖြစ်ပါတယ်။ နှစ် ၅၀ ကြာရှည်ခံမှာ ဖြစ်ပါတယ်။ ယခင် နည်းဟောင်းအတိုင်းတည်ဆောက်မယ်ဆိုလို့ရှိရင် ပေ ၁၀၀ ကို ကျပ်သိန်း ၅၀၀ ကုန်ကျမှာဖြစ်ပြီး အလွန်ဆုံး ငါးနှစ်သာကြာရှည်ခံမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရေရှည်ခိုင်ခံ့ကောင်းမွန်စေရန်အတွက် ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အပေါ် ခေတ်မီနည်းပညာဖြင့် တည်ဆောက်ပေးနိုင်မှသာ နိုင်ငံတော်၏ဘတ်ဂျက်အလေအလွင့်သက်သာပြီး ပြည်သူများလည်း စိတ်အေးချမ်းသာစွာ နေထိုင်မည်ဖြစ်တဲ့အတွက်ကြောင့် ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာမှာရှိတဲ့ လူနေအိမ်ခြေတွေနဲ့ လယ်မြေဧက ၂၀၀ ကျော်အပေါ်မှာ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုနှင့် ရေငန်ဝင်ရောက်မှုကာကွယ်ပေးနိုင်ဖို့အတွက် လွန်ခဲ့တဲ့ ၂၂ နှစ်ခန့်က ဒေသကနေ တည်ဆောက်ထိန်းသိမ်းခဲ့တဲ့ အမြင့်ခြောက်ပေ ရှိတဲ့ ရေငန်တားတမံဟာ မုန်တိုင်းဒီရေနှင့် ထူးကဲဒီရေမြင့်တက်လာတာနဲ့ အလျောက် ကျိုးပေါက်ပျက်စီးခဲ့ပါတယ်။ ရေငန်ဝင်ရောက်မှုကို ကာကွယ်နိုင်ခြင်း မရှိတော့တဲ့အတွက် ဒေသခံ တွေရဲ့တောင်းဆိုချက်အရ အလျားပေ ၁၂၀၀ ရှိတဲ့ ရေငန်တားတမံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှာ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၄၅၀ နဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနက တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီရေငန်တာတမံဟာ မြေမျက်နှာသွင်ပြင်အနေအထားအရ ဘင်္ဂလား ပင်လယ်အော်နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ ပင်လယ်ပြင်နှင့်ထိစပ်လျက်ရှိပါ တယ်။ ၂၀၁၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ ထူးကဲတဲ့မုန်တိုင်း(မိုရာ)တိုက်ခတ်မှုကြောင့် တမံရဲ့ လှိုင်းကာနံရံ အလျားပေ ၃၀၀

ခန့်ဟာ ပြိုကျခဲ့ပါတယ်။ ပင်လယ်ဘက်ခြမ်းတမံလျှောစောက်မှာရှိတဲ့ ကျောက်ကွက်တွေလျှောကျခြင်းတို့အပေါ်မှာ ဖြစ်ခဲ့ပါတယ်။ သို့သော်လည်းပဲ အဓိကကျတဲ့ မြေသားတာတမံကျိုးပေါက်ခဲ့မှုမရှိခဲ့တဲ့အတွက် ကျေးရွာတွေအတွင်းတော့ ရေငန်ဝင်ရောက်မှုမရှိတဲ့အခြေအနေဖြစ်ခဲ့ပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၀ နဲ့ ပင်လယ်ဘက်ခြမ်းတမံလျှောစောက်ကနေ တစ်လုံးချင်းစီသွားတဲ့ကျောက်တွေကို တစ်စုတစ်စည်းတည်းဖြစ်စေပြီးတော့ လှိုင်းပုတ်ခတ်ဆွဲချမှုကို ခံနိုင်တဲ့အလေးချိန် Own Weight ရရှိစေဖို့အတွက် Gabion Box တွေနဲ့ စုစည်းချထားကာကွယ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် မိုးရာသီမှာ မွန်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်တွေ ကြုံတွေ့ခဲ့ရသော်လည်းပဲ အဆိုပါ အလုပ်ရေငန်တားတမံအနေနဲ့ ထိခိုက်မှုမရှိဘဲ ကောင်းမွန်ခိုင်ခံ့စွာနဲ့ ရေငန်ဝင်ရောက်မှုဒဏ်ကို ကာကွယ်ပေးနိုင်ခဲ့တဲ့အနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူပဲ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဒေးကင်းကျေးရွာမှာရှိတဲ့ ဒေးကင်းရေငန်တားတာတမံဟာ သံလွင်မြစ်ရေတိုက်စားတာကြောင့် ကမ်းပါးနှင့်တာဟာ အလွန်နီးကပ်လာပါတယ်။ အလျားပေ ၄၈၀၀ ရှိတဲ့ ကမ်းပြိုတားတမံဖြစ်တဲ့ ဒေးကင်းတာတမံအပိုင်း(၁)ကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၂၅၀ နဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပါတယ်။ အဘက်ဘက်ကသုံးသပ်ပြီး စနစ်တကျဆောင်ရွက်ပေးခဲ့မှုဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်းပဲ ၂၀၁၉ ခုနှစ် မိုးရာသီမှာ ဒေးကင်းတာမှာရှိတဲ့ ကမ်းရင်းတာအနေနဲ့ သံလွင်မြစ်ရေတိုက်စားခြင်းကြောင့် နိမ့်ကျမှုရှိခဲ့ပေမဲ့လည်းပဲ ရေငန်ဝင်ရောက်မှုဒဏ်ကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေနဲ့ဆက်နွှယ်တဲ့ သဘာဝဘေးအန္တရာယ်တွေ လျော့ပါးသက်သာစေဖို့၊ ရေရှည်တည်တံ့စွာ ရေအသုံးချနိုင်မှုဖြစ်စေရေးတို့ကို ဌာနမှာ လုပ်ငန်းစဉ်တွေချပြီး နိုင်ငံတကာမှာရှိတဲ့ ပြည်တွင်း၊ ပြည်ပပညာရှင်များနဲ့ စနစ်တကျပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့တဲ့ဒေသတွေမှာလည်းပဲ မိုးများသော်လည်း ပင်လယ်ရေငန်နှင့် ထိတွေ့နေတဲ့ ကမ်းရိုးတန်းဒေသတွေမှာ စိုက်ပျိုးရေ၊ သောက်သုံးရေရှားပါးမှု အခက်အခဲတွေမဖြစ်ပေါ်ဖို့ကို မိုးရာသီကာလအတွင်းမှာ ရွာသွန်းတဲ့ မိုးရေတွေကို ထိရောက်အကျိုးရှိစွာ သိုလှောင်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်း ရေဘေးကာကွယ်ရေးတာတွေ ပြုပြင်ထိန်းသိမ်းတာ၊ အရေးပေါ်လိုအပ်တဲ့ ပန်းတာတွေ

အချိန်မီတည်ဆောက်တာနဲ့ ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို အထူးဦးစားပေးပြီးတော့ အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယင်းရဲ့အကျိုးဆက်အဖြစ် ဒေသတွင်းပြည်သူတွေမှာ အချိန်တိုအတွင်း သိသာထင်ရှားတဲ့ အကျိုးခံစားရမှုရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ပင်လယ်ရေတိုက်စားခံကျေးရွာများမှာရှိတဲ့ ကမ်းပြိုတားတမံတွေ ရေရှည်တည်တံ့ခိုင်မာစေဖို့အတွက် လိုအပ်တဲ့ စူးစမ်းလေ့လာမှုများဖြစ်တဲ့ လှိုင်းအမြင့်၊ လှိုင်းအလျား၊ လေတိုက်နှုန်း၊ ရေစီးကြောင်းအခြေအနေ၊ ရေမျက်နှာပြင်အနိမ့်အမြင့်၊ အနည်ကျနှုန်းအခြေအနေနှင့် ဘူမိရုပ်သွင်ဆိုင်ရာအခြေအနေစတဲ့အချက်အလက်တွေကို ကမ်းရိုးတန်းအင်ဂျင်နီယာဆိုင်ရာနည်းပညာနဲ့ အသေးစိတ်လေ့လာဆောင်ရွက်သွားရန်ရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ရလဒ်တွေကို အခြေပြုပြီး ပုံစံတူပြုလုပ်စမ်းသပ်ခြင်း(Model Study)စတဲ့ လုပ်ငန်းစဉ်အဆင့်အဆင့်ကို လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ရန်ပုံငွေခွင့်ပြုနိုင်မှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားပြီး အချိန်ယူဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်တွေက လျော့ပါးသက်သာစေရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ မိမိတို့ရဲ့ဆောင်ရွက်နိုင်စွမ်းရှိတဲ့ အတိုင်းအတာအတွင်းက နှစ်စဉ်ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိခြင်း ဖြစ်ပါတယ်။ လက်တွေ့ဆောင်ရွက်နိုင်တဲ့ ရေကြီးမှုကာကွယ်ရေးအဆောက်အအုံတွေ တည်ဆောက်ထိန်းသိမ်းခြင်း(Structural Measures)နှင့် ရေကြီးမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း(Non-Structural Measures)စတဲ့လုပ်ငန်းစဉ်များနဲ့ လျော်ညီစွာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်မှာရှိတဲ့ အလုပ်ရေထိန်းတမံတို့ကို ပြည်သူတွေအချိန်တိုအတွင်းအကျိုးခံစားနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို မိမိတို့အနေနဲ့ ပင်လယ်နှင့်ထိစပ်နေတဲ့ ရေငန်တားတမံတွေကို အဘက်ဘက်ကနေပြီးတော့ ပြည်သူတွေရဲ့အကျိုးအတွက် စီမံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကန်ကျေးရွာမှ ပြည်ထောင်စုလမ်းမကြီးအထိ လမ်းအရှည် ၂၀ မိုင်အား ရာသီမရွေးလွယ်ကူစွာသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကိုတက်ရောက်လာကြသူများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းကန်ကျေးရွာသည် မိုင်းတုံမြို့နယ်အတွင်းရှိ တိုက်နယ်ကျေးရွာဖြစ်ပြီး မိုင်းတုံမြို့နှင့် ၃၄ မိုင်အကွာတွင် တည်ရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီးမှ မိုင် ၂၀ ကွာဝေးပြီး မတ်စောက်သော တောင်ဆင်းတောင်တက်လမ်းများဖြင့် သွားလာရန်ခက်ခဲသည့်ကျေးရွာဖြစ်သည့်အလျောက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး အခက်အခဲများနှင့် အဘက်ဘက်နိမ့်ကျလျက်ရှိသောကျေးရွာဖြစ်ပါသည်။ လားဟူတိုင်းရင်းသားများ အများစုနေထိုင်ကြပြီး လူဦးရေ ၃၀၀၀ ကျော်ခန့်ရှိပါတယ်။ တိုက်နယ်ကျေးရွာဖြစ်သည့်အလျောက် အဆိုပါလမ်းမှာ ကျေးရွာပေါင်း ၁၄ ရွာအား အကျိုးပြုမည့်လမ်းဖြစ်ပါတယ်။

အဆိုပါလမ်းအား မြန်မာ့သစ်ထုတ်လုပ်ရေးမှ နှစ်စဉ်သစ်ထုတ်လျက်ရှိသည့်အတွက် ပွင့်လင်းရာသီတွင် ကုမ္ပဏီမှ လမ်းအားအနည်းငယ်ပြုပြင်၍ သစ်ထုတ်သဖြင့် ဖုန်တလုံးလုံးဖြင့်သွားရာတွင် သွားလာရန်အဆင်ပြေသလိုရှိသော်လည်း မိုးရာသီတွင် မြေသားလမ်းဖြစ်သဖြင့် လမ်းပေါ်တွင် ရေစီးမြောင်းများ ဖြစ်ပေါ်ခြင်း၊ တောင်အဆင်း၊ တောင်အတက်မတ်စောက်သဖြင့် လမ်းချော်ခြင်း၊ ယာဉ်တိမ်းမှောက်ခြင်းများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး မော်တော်ယာဉ်များအား တာယာကို ချိန်းပတ်၍ မောင်းနှင်သွားလာရသောလမ်းဖြစ်ပါ၍ မိုင်းတုံမြို့သို့ ၃၄ မိုင်ခရီးအား ၄ နာရီခန့် မောင်းနှင်နေကြရပါသည်။ လမ်းအခြေအနေအား Power Point ဖြင့် ဖော်ပြခွင့်ပြုပါ။ ဒါဟာ နွေရာသီမှာတွေ့မြင်ရတဲ့လမ်းဖြစ်ပါတယ်။ ဖုန်တလုံးလုံးနဲ့တွေ့မြင်နေရခြင်းဖြစ်ပါတယ်။ ဒါလည်း နွေရာသီမှာတွေ့မြင်ရတဲ့လမ်းဖြစ်ပါတယ်။ ဒါလည်း နွေရာသီမှာတွေ့မြင်ရတဲ့လမ်းဖြစ်ပါတယ်။ ဒါက မိုးရာသီမှာ ကားကိုချိန်းပတ်ထားပေမဲ့ လူနဲ့လည်း ရှေ့ကနေဆွဲရတယ်၊ နောက်ကလည်း တွန်းရတယ်။ ဒီလိုသွားနေရခြင်းဖြစ်ပါတယ်။ ဒါလည်း မိုးရာသီမှာ ဒီလိုသွားလာရခက်ခဲနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်း မိုးရာသီမှာ ဒီလိုသွားနေကြရပါတယ်။ ဒါလည်း မြင်တွေ့ရတဲ့အတိုင်းပါ။

ရေစီးကြောင်းတွေပေါ်ပြီးတော့ လမ်းတွေပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒီမှာလည်း ကားကိုတွန်းသွားနေရတာဖြစ်ပါတယ်။ လမ်းလေးတွေ ဒီလိုခက်ခဲတဲ့ပုံ၊ တာယာကိုချိန်းပတ်နေတာဖြစ်ပါတယ်။ အခုနောက်ဆုံးရိုက်ခဲ့တဲ့ပုံဖြစ်ပါတယ်။ အဲဒီတော့ ဖော်ပြပါကျေးရွာမှာ ကျန်းမာရေးဌာနအနေဖြင့်လည်း ဆေးပေးခန်းသာထားရှိပြီးပေးထားနိုင်တဲ့အတွက် လမ်းအခက်အခဲ၊ အရေးပေါ်လူနာများ သေဆုံးမှုအများအပြားရှိခဲ့ပါသည်။ အဓိကလိုအပ်သော ဒေသခံပြည်သူများ၏ စားနပ်ရိက္ခာကိုလည်း အဆိုပါလမ်းမှ မိုင်းတုံမြို့သို့ သွားရောက်ဝယ်ယူသုံးစွဲနေရသည့်အတွက် ကုန်ဈေးနှုန်းမှာ မိုင်းတုံမြို့ထက် နှစ်ဆခန့်ကြီးမြင့်နေပြီး စားစရိတ်ကြီးမြင့်မှု၊ လူမှုရေးအခက်အခဲများဖြင့် ရင်ဆိုင်နေကြရပါတယ်။ ပြည်နယ်ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် တစ်နှစ်လျှင် တစ်မိုင်ခန့်သာ ဘတ်ဂျက်လျာထားပေးနိုင်ပါသဖြင့် အဆိုပါလမ်း မိုင် ၂၀ အား ဒေသတွင်းပြည်သူများ၏ လူမှုဘဝအခက်အခဲများ ဘက်စုံအဆင်ပြေစေနိုင်ရန် ပြည်ထောင်စု၏ငွေလုံးငွေရင်းရန်ပုံငွေ အကူအညီဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှစ၍ ထည့်သွင်းလျာထားပြီး ကာလတိုအတွင်း ဦးစားပေး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးပါရန် ရာသီမရွေးသွားလာအဆင်ပြေနိုင်ရေးအတွက် ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးပါရန်အစီအစဉ်များအား သိရှိလိုပါသဖြင့် ကျေးရွာနေပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ မိုင်းတုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး မေးမြန်းထားသော မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကန်ကျေးရွာမှ ပြည်ထောင်စုလမ်းမကြီးအထိ လမ်းအရှည် မိုင် ၂၀ အား ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစ၍ ဒေသခံပြည်သူများ ရာသီမရွေးသွားလာ

နိုင်ရန် လွယ်ကူရေးအတွက် ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးနိုင်ရေးအတွက် စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ် ပြည်ထောင်စုလမ်းမကြီးမှ မိုင်းကန်ကျေးရွာဘက်သွား လမ်းအရှည် ၁၈ မိုင်သည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A)အဆင့် ဦးစားပေးအဆင့်(၁)လမ်းမှာပါဝင်ပြီး တာဆမ်း၊ မိုင်းတုံ၊ မိုင်းစပ် လမ်းမကြီးနဲ့ဆက်သွယ်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းမှာက မြေသားလမ်းဖောက်လုပ်ဖို့ စုစုပေါင်း လမ်းအရှည် ၁၂ မိုင် ၂.၆ ဖာလုံ ကျန်ရှိနေတာဖြစ်ပြီးတော့ ကျေးရွာပေါင်း ၁၄ ရွာ၊ လူဦးရေပေါင်း ၃၅၀၀ ကျော်ကိုအကျိုးပြုမယ့်လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ မြေသားလမ်းအရှည် လေးမိုင်ဖောက်လုပ်ဖို့နဲ့ Box Culvert ရှစ်စင်းတည်ဆောက်ဖို့အတွက် ရန်ပုံငွေများတင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုအစိုးရရန်ပုံငွေက ငွေလုံးငွေရင်း ကနေလည်းအကူအညီပေးပြီးတော့ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိလည်း တစ်ဆက်တစ်စပ်တည်း အနေဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှာ လေးမိုင်တင်ပြီးသွားပြီဖြစ်တဲ့အတွက် ပြည်ထောင်စုရန်ပုံငွေမှာမပါရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းစာရင်းတွင် အမည်ပေါက်မပါဝင်သေးသောလမ်းများ နှင့် နိုင်ငံအဝန်းကျေးလက်လမ်းများစာရင်းတွင် ထည့်သွင်းရန်ကျန်ရှိသော မြို့နယ်များအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အမည်ပေါက်စာရင်းထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းစာရင်းမှာ အမည်မပေါက်သေးသော လမ်းစာရင်းများအား ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ကျေးလက်လမ်းဦးစီးဌာနက လမ်းအမည်ပေါက်စာရင်းထည့်သွင်းနိုင်ရေး မည်ကဲ့သို့စီစဉ် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် မိမိတို့မြို့နယ်နှင့် အလားတူမြို့နယ်များအား မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းရတဲ့ရည်ရွယ်ချက်ကတော့ (၁) ကျေးလက်လမ်းများ အမည်မပေါက်သဖြင့် စီမံကိန်းဆောင်ရွက်ခွင့်မဆုံးရှုံးစေရန် (၂) ဗန်းမောက်မြို့နယ်အတွင်း အမည်ပေါက်စာရင်းတွင် မပါဝင်သေးသောလမ်း ၃၀ ခန့်ကျန်ရှိနေသေးသဖြင့် တစ်လမ်းချင်း အလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံတင်ပြချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည် ဆိုလာလို့ရှိရင် တင်ပြရမည့်အစားဌာနကဆောင်ရွက်ပါက လုပ်ငန်းများမြန်ဆန်လာစေရန်ဖြစ်ပါ တယ်။ (၃) နှစ်စဉ်စီမံကိန်းရေးဆွဲရာမှာ ကျေးလက်လမ်းများပိုမိုပါဝင်လာစေရန် ဖြစ်ပါတယ်။ (၄) မိမိတို့မြို့နယ်ကဲ့သို့ အခက်အခဲဖြစ်နေသော မြို့နယ်များပါတစ်ပါတည်း ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီးမှ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ယခင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းနှင့်တံတားများကို လွှဲပြောင်းပေးကာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ယင်းသို့ဖွဲ့စည်းရာမှာ အလျင်အမြန်လွှဲပြောင်းရယူရတဲ့အတွက် အချက်အလက်များအားလုံး မလွှဲပြောင်းနိုင်ခြင်း၊ စာရင်းများပြုစုမှုမရှိခြင်းနှင့် ယခင်မှတ်တမ်းများအားနည်းခဲ့သဖြင့် လမ်းစာရင်းမှာမပါဝင်ဘဲ ကျန်နေခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ ဥပမာအနေဖြင့် ဗန်းမောက်မြို့နယ် နောင်ပတ်-ဆင်ခြေတိုင်ရွာ

လေးမိုင်အနက်နှစ်မိုင်အား မြေသားလမ်းဆက်လက်ဖောက်ပေးရန် အစီအစဉ်ရှိ/မရှိ ၁၃-၅-၂၀၁၉ ရက်နေ့မှာမေးမြန်းခဲ့ရာမှာ လမ်းစာရင်းတွင်ပါဝင်ခဲ့ခြင်းမရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။ အမှန်တော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သောလမ်းဖြစ်သော်လည်းပဲ စာရင်းများအားနည်းမှုကြောင့် လမ်းစာရင်းအမည်မပေါက် ဟုဖြေကြားခဲ့ပါတယ်။

ဒုတိယအနေဖြင့် နှစ်စဉ်စီမံကိန်းရေးဆွဲရာမှာ ကျေးလက်လမ်းများပါဝင်နိုင်ရေး လျာထားရာတွင် လမ်းအမည်စာရင်းမပေါက်သဖြင့် လျာထားပေးနိုင်ခြင်းမရှိကြောင်း ငြင်းပယ်ခံရပါတယ်။ လမ်းစာရင်းများတွင်ထည့်သွင်းပေးရန် မြို့နယ်တာဝန်ရှိလူကြီးများကို ပြောကြားရာမှာ မြေပြင်မှာ အမှန်တစ်ကယ်လိုအပ်နေသော်လည်းပဲ ဝန်ကြီးဌာနကထည့်သွင်းပေးရန် ညွှန်ကြားမှသာလျှင် ထည့်သွင်းနိုင်မည်ဟုပြောကြားသဖြင့် စီမံကိန်းများတွင်ပါဝင်နိုင်ခြင်းမရှိသဖြင့် လမ်းစာရင်း ထည့်သွင်းနိုင်ရေး မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လမ်းစာရင်းများထည့်သွင်းနိုင်ရေး ဖြေကြားရာမှာ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပါက လမ်းစာရင်းထည့်သွင်းပေးသွားမည်ဟု ဖြေကြားခဲ့ကြောင်း သိရပါတယ်။ မိမိတို့မြို့နယ်မှာလမ်းများစွာကျန်ရှိနေသဖြင့် အကြိမ်ကြိမ်တင်ပြနေခြင်းအစား မြို့နယ်ချင်းအလိုက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ရှိသူများက စာရင်းပြုစုပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်ဖြင့်စာရင်းများ ထည့်သွင်းခြင်းများကို ဆောင်ရွက်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်မည် ဖြစ်ပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ ဗန်းမောက်မြို့နယ်ရဲ့ အရှေ့ဖျားမြင်ကွင်းဖြစ်ပါတယ်။ အနီရောင်လိုင်းနဲ့ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်တဲ့လမ်းဖြစ်ပါတယ်။ အစိမ်းရောင်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ဆောင်ရွက်တဲ့လမ်းဖြစ်ပါတယ်။ အဝါရောင်လမ်းများကတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်တဲ့လမ်းများဖြစ်ပြီး တချို့လမ်းများဟာကျန်ရှိနေတာ ဖြစ်ပါတယ်။ ဒါက Class A လမ်းများ ဖြစ်ပါတယ်။ ဒါက Class A-3 ဖြစ်ပါတယ်။ ဒါ Class B ဖြစ်ပါတယ်။ ဒီပုံကတော့ Class C-1၊ C-2၊ C-3 ဖြစ်ပါတယ်။ ဒီပုံမှာပါနေတဲ့လမ်း ၁၈ လမ်း၊ အခုဆက်လက်

တင်ပြတဲ့လမ်း ၁၇ လမ်းဟာ ကျွန်တော်တို့စာရင်းထဲမှာ ပါဝင်ခြင်းမရှိတဲ့အတွက် ဒီလမ်းကို ထည့်သွင်းနိုင်ရေး မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး မေးမြန်းသော ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းစာရင်းတွင် မပါဝင်သေးသည့် အမည်မပေါက်သေးသော လမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းအမည်ပေါက်စာရင်းထည့်သွင်းနိုင်ရေး စီစဉ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံအဝန်းမိမိတို့မြို့နယ်နှင့်အလားတူ ကျေးလက်လမ်းများထည့်သွင်းရန် ကျန်ရှိသောမြို့နယ်များအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အမည်ပေါက်စာရင်းထည့်သွင်းနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါကအဘယ်ကြောင့်နည်းဆိုသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းစာရင်း အမည်မပေါက်သေးသောလမ်းများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ခံတင်ပြလာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းစာရင်းတွင် မပါဝင်သေးတဲ့ ကျေးလက်လမ်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ခံတင်ပြလာပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကျေးလက်လမ်းစာရင်းတွင် ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် အဆိုပါမြို့နယ်နှင့်အလားတူ အခြားမြို့နယ်များမှ ကျေးလက်လမ်းအမည်မပေါက်သေးသောလမ်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ထောက်ခံချက်နဲ့အတူတင်ပြလာပါက ဖော်ပြပါနည်းတူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ရေဝတီတံတား(ညောင်တုန်း)၊ မီးရထားတံတားတည်ဆောင်ခဲ့စဉ် ပျက်စီးကျန်ခဲ့သော လယ်မြေနှင့် ယာမြေများ၌ လုပ်ကိုင်စားသောက်ခဲ့ကြသောတောင်သူများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြေယာလျော်ကြေးပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ရေဝတီတံတား(ညောင်တုန်း)၊ မီးရထားတံတားတည်ဆောက်ခဲ့စဉ် ပျက်စီးကျန်ခဲ့တဲ့ လယ်ယာမြေများနဲ့ပတ်သက်ပြီးတော့ တောင်သူများအနေနဲ့ယခုဘဏ္ဍာရေးနှစ်မှာ မြေယာလျော်ကြေးပေးချေနိုင်ခြင်းရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာ-ညောင်တုန်း-စကြော့-ဓနုဖြူ-ဇလွန်ရထားလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရထားလမ်းမြေဖို့ခြင်း၊ သံလမ်းခင်းခြင်းများကို ပြီးစီးခဲ့ပါတယ်။ ၂၄-၅-၂၀၁၄ ရက်နေ့မှာတော့ လှိုင်သာယာ-ညောင်တုန်း-စကြော့-ဓနုဖြူ-ဇလွန်လမ်းပိုင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်တော့်အား Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ လှိုင်သာယာ-ညောင်တုန်းဘူတာရုံဖြစ်ပါတယ်။ ဒါကတော့ဖွင့်လှစ်ပြီးသိပ်မကြာဘူး။ လပိုင်းအတွင်းမှာပဲရပ်ဆိုင်း သွားတဲ့ လှိုင်သာယာ-ညောင်တုန်းမီးရထားလမ်းဖြစ်ပါတယ်။ ရပ်ဆိုင်းရတဲ့အကြောင်းအရင်း ကတော့ စီးမယ့်လူမရှိလို့ဖြစ်ပါတယ်။ ဒါကတော့ အောက်ခံမြေကြီးဖို့ပြီးတော့ ရထားသံလမ်းပြေး သွားတဲ့အတွက် အခုအချိန်မှာ conversion မရှိတော့ဘဲနဲ့ ရထားသံလမ်းနဲ့မြေကြီးနဲ့လွတ်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ရေဝတီတံတား(ညောင်တုန်း)ဖြစ်ပါတယ်။ ဒါကတော့ တံတားကြီးနှစ်စင်းရဲ့ ကြားမှာ ဟိုဘက်ဒီဘက်အရိပ်ထိုးပြီးတော့ စိုက်ပျိုးစားမရတဲ့လယ်မြေများဖြစ်ပါတယ်။ ဒါလည်း စိုက်ပျိုးစားမရတော့တဲ့လယ်မြေသာ ဖြစ်ပါတယ်။ ဒါကတော့ တည်ဆောက်စဉ်ကာလက စည်းမဲ့ကမ်းမဲ့ပေါ့နော်။ စွန့်ပစ်ကွန်ကရစ်အတုံးအခဲတွေ၊ ကတ္တရာကျိုးတွေ၊ ကျောက်တုံးတွေကို လယ်မြေထဲပစ်ချသွားလို့ စိုက်ပျိုးစားမရတဲ့လယ်မြေများဖြစ်ပါတယ်။ ဒါကတော့ မြေကြီးကိုကြုံသလိုတူးယူသွားတဲ့အတွက် ချိုင့်တွေ၊ ကျင်းတွေဖြစ်ပြီးကျန်ခဲ့တဲ့ စိုက်ပျိုးစားမရတော့တဲ့ လယ်မြေများဖြစ်ပါတယ်။ ဒါလည်း ချိုင့်တွေ၊ ကျင်းတွေဖြစ်နေတဲ့လယ်မြေများဖြစ်ပါတယ်။ လေးစားအပ်ပါသော

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို လယ်မြေများဆုံးရှုံးပြီးတော့ အလုပ်လက်မဲ့ဘဝ ကျရောက်၊ မိသားစုစားဝတ်နေရေးပျက်စီးခဲ့ရပြီးတော့ တောင်သူများမှလယ်ယာလျော်ကြေး တောင်းခံခဲ့သဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှတာဝန်ရှိသူများနှင့်အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက် ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ စာအမှတ် ၃၅၉/တစရ(၄)/ ၂၀၁၈-၂၀၁၉ ဒီဇင်ဘာလ ၃ ရက် ရက်စွဲဖြင့် စိုက်ပျိုးစားမရတော့တဲ့မြေကေစုစုပေါင်း ၁၂၇.၃၃ ကေအား မြေယာ လျော်ကြေးပေးချေနိုင်ရန် ပုံစံ(၁၂)ဖြင့်မြေယာလျော်ကြေးတွက်ချက်တောင်းခံရန် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ကို အကြောင်းကြားခဲ့ပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြေယာ လျော်ကြေးပုံစံ(၁၂)အား အထပ်ထပ်စိစစ်တွက်ချက်ပြီး တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ရဲ့အတည်ပြုချက်ဖြင့် စာအမှတ်၊ တံတား ၆၅၇ လျော်ကြေး လွှဲစွမ်းအား၊ ရက်စွဲ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် ရက်စွဲနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနရုံးချုပ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာပေးလျော်နိုင်ရန် စီစဉ်ဆောင်ရွက်မယ်လို့ ဖြေကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တောင်သူ ၁၆၂ ဦးရဲ့လယ်ကေ ၁၃၂.၄၅ ကေကို ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ မြေယာလျော်ကြေးပေးချေ နိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူများ ကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်မေးမြန်းထားသော ရောဝတီတံတား (ညောင်တုန်း) မီးရထားတံတားတည်ဆောက်ခဲ့စဉ် ပျက်စီးကျန်ရစ်ခဲ့သော လယ်မြေနှင့်ယာမြေများ၌ လုပ်ကိုင် စားသောက်နေကြသောတောင်သူများသည် ယခုအချိန်ထိအလုပ်လက်မဲ့ဘဝကျရောက်ခဲ့ပြီး မိသားစု ဘဝဖြစ်သလိုရုန်းကန်နေရပါသဖြင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ ထားပြီး အလုပ်လက်မဲ့ဘဝကျရောက်ခဲ့ရသော တောင်သူများအား မြေယာလျော်ကြေးပေးချေ နိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဗြဟ္မာပြာသာကျေးရွာအုပ်စု၊

ဆင်ထုံးကျေးရွာအုပ်စု၊ စက္ကော့ရေလယ်ကျေးရွာအုပ်စုတို့၏ လယ်ယာမြေများအား ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဟင်္သာတမြို့မှရန်ကုန်မြို့သို့ဖောက်လုပ်သောရထားလမ်းနှင့် ဧရာဝတီတံတား (ညောင်တုန်း)တည်ဆောက်ရာတွင် သိမ်းဆည်းခံခဲ့ရမှုအပေါ် နစ်နာကြေး၊ လျော်ကြေးပေးအပ်နိုင်ရေးနဲ့စပ်လျဉ်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ သိမ်းဆည်းခံမြေယာများနှင့် ပတ်သက်၍ သီးနှံလျော်ကြေးနှင့်ငါးကန်လျော်ကြေးသာ ပေးချေထားခဲ့ပြီးတော့ မြေယာနှင့်ပတ်သက်သော လျော်ကြေးငွေများ ပေးလျော်ထားခြင်းမရှိသေးကြောင်းတွေ့ရှိရပါသဖြင့် လျော်ကြေးပေးချေနိုင်ရေးအတွက် ညောင်တုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မအူပင်ခရိုင်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး၊ လယ်ယာမြေစီမံခန့်ခွဲမှုမှတစ်ဆင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြတာက ခုနကပြတဲ့ Power Point ထဲကတံတားနှစ်စင်းဆိုတဲ့ တံတားနေရာလေးကမြေကိုပြောတာဖြစ်ပါတယ်။ တခြား Power Point တွေကတော့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့မဆိုင်တဲ့အတွက် အဲဒီလျော်ကြေးတွေမပါပါဘူး။ ကျွန်တော်ရှင်းပြမယ့်ကိစ္စက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ ၃-၇-၂၀၁၉ ရက်နေ့တွင်ကျင်းပပြုလုပ်တဲ့ (၂၂/၂၀၁၉)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဧရာဝတီတံတား(ညောင်တုန်း)တည်ဆောက်စဉ်ပါဝင်သွားတဲ့ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဗြမ္မာပြာသာကျေးရွာအုပ်စု၊ ဆင်ထုံးကျေးရွာအုပ်စု၊ စက္ကော့ရေလယ်ကျေးရွာအုပ်စုတို့ရှိတောင်သူ ၁၆၇ ဦး၏ လယ်ယာမြေ ၁၂၆.၇၆ ဧကအတွက် လျော်ကြေးငွေ ကျပ် ၃၁၆.၉ သန်းအားပေးချေရန်ဆုံးဖြတ်ခဲ့ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပေးလျော်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောစနကျောက်စိမ်းစေတီတော် အဝင်လမ်းအား မည်သည့်အချိန်တွင် ဖောက်လုပ်ခွင့်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်(ခ)ဦးစိုးမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်မြင့်(ခ)ဦးစိုးမြင့်(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော် ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးအောင်ဇော်မြင့်(ခ)ဦးစိုးမြင့် ဖြစ်ပါတယ်။ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူး ကျေးရွာရှိ ဝေဧရာစနကျောက်စိမ်းစေတီတော်သို့ အဝင်လမ်းဖောက်လုပ်ခွင့်ပြုရေးနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သော ဝေဧရာစနကျောက်စိမ်း စေတီတော်မြတ်ကြီးသည် မြန်မာပြည် တစ်ဝန်းသာမက နိုင်ငံတကာကပါသိရှိပြီး ထင်ရှားကျော်ဇောသည့် စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်ပါတယ်။ နိုင်ငံတကာနှင့် အနယ်နယ်အရပ်ရပ်မှ နေ့စဉ်ဘုရားဖူးဧည့်သည် ၁၅၀၀၀ မှ ၂၀၀၀၀ အထိ နေ့စဉ် လာရောက်ဖူးမြော်လျက်ရှိပါတယ်။ ဘုရားကြီးနယ်မြေအတွင်း အဝေးမှလာရောက် သည့် ဘုရားဖူးဧည့်သည် ၆၀၀ ခန့် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်မည့် အဆင့်မြင့်အအေးခန်း တည်းခိုဆောင်များလည်းရှိပါတယ်။ စေတီတော်မြတ်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်း၏ ချဉ်းကပ်လမ်းဖြစ်သော စဉ့်အိုးဖိုအဝိုင်းနှင့် တံခွန်တိုင်ဝိုင်းတို့ကို ဆက်သွယ်ထားသည့် လမ်းမ ပေါ်တွင် တည်ရှိပါသည်။ တခြားတစ်ဘက်မှာ မြစ်ငယ်-ထုံးဖိုလမ်းရှိပါသည်။ စေတီတော်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်း၏ချဉ်းကပ်လမ်းမှ စေတီတော်သို့ အဝင်လမ်းဖောက်လုပ်ခွင့်မရရှိခဲ့ပါ သဖြင့် စဉ့်အိုးဖိုအဝိုင်းမှပတ်၍ အိုးဖိုတန်း-မြစ်ငယ်-ထုံးဖိုလမ်းမှဝင်ရသဖြင့် အသွား/အပြန် ၁၃ မိုင် ခန့်ပို၍ သွားလာနေရပါသည်။ အကယ်၍ ရန်ကုန်-မန္တလေးအမြန်လမ်း၏ချဉ်းကပ်လမ်းဖြစ်သော ဆေးအိုးဖို-တံခွန်တိုင်လမ်း၏ မိုင်တိုင်အမှတ်(၃၆၁/၂)နှင့်(၃၆၁/၃)ကြားမှဝင်လျှင် ပေ ၁၀၀ ကျော် ခန့်သာ ဝင်ရသဖြင့် ရပ်ဝေးမှလာသော ဘုရားဖူးဧည့်သည်များအနေဖြင့် များစွာအဆင်ပြေမည် ဖြစ်ပါတယ်။ ဆရာတော်၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးဧည့်သည်များက မိမိအား မကြာခဏလမ်းဖောက်လုပ်ခွင့်တောင်းခံပေးပါရန် အကြိမ်ကြိမ်တောင်းဆိုလျက်ရှိသဖြင့် သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ယခုအချိန်ထိ အကြောင်းပြန်ကြားခြင်း မရရှိသေးပါ။ ၎င်းပေ ၁၀၀ ခန့်ကို ဖောက်လုပ်ရန်ကုန်ကျစရိတ်ကိုလည်း လှူဒါန်းမည့် အလှူရှင်များ အဆင်သင့်ရှိပါတယ်။ သို့ပါ၍ ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ချဉ်းကပ်လမ်း ဆေးအိုဖိုးအဝိုင်းနှင့် တံခွန်တိုင်အဝိုင်း မိုင်တိုင်(၃၆၁/၂)နှင့်(၃၆၁/၃)ကြားရှိ စေတီတော်သို့အဝင်လမ်းအား မည်သည့် အချိန်တွင် ဖောက်လုပ်ခွင့်ရမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်(ခ)ဦးစိုးမြင့် မေးမြန်းသော အမရပူရ မြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောစနကျောက်စိမ်းစေတီတော်သို့ အဝင်လမ်းအား မည်သည့် အချိန်တွင်ဖောက်လုပ်ခွင့်ရမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များနှင့်ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေရောစနကျောက်စိမ်းစေတီတော်သည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာတွင်တည်ရှိပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အနောက်ဘက်ခြမ်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးမြို့ကြား မြစ်ငယ် Under Pass အနီး စစ်ကိုင်း-မြစ်ငယ်လမ်းဘေးမှာ တည်ရှိပါတယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးမြို့အကြား ရန်ကုန်-မန္တလေး အမြန်ဘေးကြီးတွင်တည်ရှိတဲ့အတွက် ယာဉ်အသွားအလာများပြားတဲ့ အမြန်လမ်းမကြီးပေါ်သို့ တိုက်ရိုက်ဝင်/ထွက်လမ်းခွင့်ပြုပေးမည်ဆိုပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါတယ်။

အမြန်လမ်းမကြီးဥပဒေ အခန်း(၅) ပုဒ်မ ၈ ပုဒ်မခွဲ(က)တွင် အမြန်လမ်းမကြီးသို့ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်းပြုလုပ်နိုင်ရန် သတ်မှတ်ထားသည့်နေရာများတွင် လမ်းမကြီးနှင့် ဆက်သွယ်တည်ဆောက်ထားသည့် ကူးပြောင်းလမ်းများမှတစ်ဆင့် ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခွင့်ပြုခြင်းဟူ၍ ပြဋ္ဌာန်းထားပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ အမြန်လမ်းမကြီးဥပဒေအရ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်သို့ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးမှ တိုက်ရိုက်ဝင်/ထွက်လမ်းဖောက်လုပ်၍မရပါကြောင်းနှင့် ကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ စစ်ကိုင်း-မြစ်ငယ်လမ်းမှတစ်ဆင့် ဆက်စပ်ဖောက်လုပ်အသုံးပြုသင့်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂:၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့(၂၁-၇-၂၀၂၀ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး

အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယင်းဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် အချက်(၁၂)ချက်ကို သဘောတူသင့်ကြောင်း ထပ်မံပြင်ဆင်ချက်တစ်ချက်ရှိကြောင်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိရမည့်အချက်(၁၀)ချက်ရှိကြောင်း တင်ပြလာပါတယ်။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက်(၁၂)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်များကို လွှတ်တော်ကြီးသို့ လေးစားစွာတင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးက တင်သွင်းလာတဲ့ အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ဖြစ်တဲ့ ၅-၂-၂၀၂၀ ရက်နေ့မှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၄-၇-၂၀၂၀ ရက်နေ့၌ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များနှင့် သဘောတူပါကြောင်း အတည်ပြုခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ဖြစ်တဲ့ ၂၁-၇-၂၀၂၀ ရက်(အင်္ဂါနေ့)မှာ လွှတ်တော်သို့အသိပေး

တင်ပြခဲ့ပြီးတော့ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးသူများကို ၂၃-၇-၂၀၂၀ ရက် (ကြာသပတေးနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပေမဲ့ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ တစ်ဦးမျှမရှိခဲ့ပါ။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၆-၈-၂၀၂၀ ရက် (ကြာသပတေးနေ့)မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများနှင့် မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့ အချက်များအနက်မှ အချက်(၁၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံပါတယ်။ ဒီပြင်ဆင်ချက်တွေကိုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီး ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အချက်(၁၂)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁၊ ၃ | အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဠ) |
| (ခ) | ၂ | ၄၊ ၅ | အပိုဒ် ၅ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) |

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (ဂ) | ၃ | ၉ | အပိုဒ် ၁၃ ခြေဆင်း |
| (ဃ) | ၄ မှ ၆ | ၁၀၊ ၁၁၊ ၁၂ | အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉ |
| (င) | ၇ မှ ၈ | ၁၉၊ ၂၀၊ ၂၁၊ | အပိုဒ် ၄၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၆၊ အပိုဒ် ၆၂၊ အပိုဒ် |

| | | | |
|---|---|---|---|
| | | ၂၃ | ၆၅ အပိုဒ်ခွဲ(က) |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အချက်(၁၂)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်အပေါ်မှာ သဘောတူ လက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်း ကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားတဲ့အချက်(၁၂)ချက်ကို အတည်ပြုရန် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်သည့် တင်ပြထားသည့် အချက်(၁၂)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူ ကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ ၏ ထပ်မံပြင်ဆင်ချက်တစ်ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ် ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ညှိနှိုင်းအစည်းအဝေး ရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန်

**မူကြမ်း**

တင်ပြချက်တစ်ချက် ရှိပါတယ်။ ဒါကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်ရှင်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်တစ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|
| ၅ မှ ၆ | ၁၃ | အပိုဒ် ၃၀ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်တစ်ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန်တင်ပြချက်ကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်တစ်ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် အချက်တစ်ချက်ကို ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူတဲ့ အချက်(၁၀)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီတဲ့ အချက်(၁၀)ချက် ရှိပါတယ်။ ဒါတွေကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံမှာ ကြိုတင်ဝေငှထားပြီးဖြစ်ပါတယ်ရှင်။

[ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့် အချက်(၁၀)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၂ | အပိုဒ် ၅၅ |
| (ခ) | ၂ မှ ၃ | ၆၊ ၇၊ ၈ | အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ) |
| (ဂ) | ၆ မှ ၇ | ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ | အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၈ ခြေဆင်း၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(င)၊ အပိုဒ် ၃၇ ခြေဆင်း |
| (ဃ) | ၈ | ၂၂ | အပိုဒ် ၆၃ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရမည့်အချက်(၁၀)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအနေဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက်များနဲ့

ပတ်သက်ပြီးတော့ လွှတ်တော်ဆိုင်ရာနည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အချက်(၁၀)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အချက်(၁၀)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်တစ်ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားသင့်သည့်အချက်(၁၀)ချက် စုစုပေါင်း အချက်(၁၁)ချက်ကို လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့ အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲတဲ့ အချက်(၁၁)ချက်ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူပေးနိုင်ရေးအတွက် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းခဲ့တဲ့ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းကို ၅-၂-၂၀၂၀ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းကို ၁၄-၇-၂၀၂၀ ရက် နေ့မှာ အမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြန်လည်ပေးပို့လာခဲ့ခြင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာတဲ့ ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက်တစ်ချက်နှင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမယ့် အချက်(၁၀)ချက် စုစုပေါင်းအချက်(၁၁)ချက်တို့မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြခြင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထိုကဲ့သို့ သဘောထားကွဲလွဲတဲ့ အချက်(၁၁)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက်(၁၁)ချက်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်

ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့(၆-၈-၂၀၂၀ ရက်နေ့)တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၀-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူ ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်က တရားဥပဒေစိုးမိုးရေးတာဝန် တစ်ရပ်အနေဖြင့် အများပြည်သူတို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံပြီး ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲရန်နှင့် အင်အားတိုးမြှင့်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တင်သွင်းမည့်အဆိုကတော့ တရားဥပဒေစိုးမိုးရေးကို တာဝန်တစ်ရပ်အနေဖြင့် အများ ပြည်သူတို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံပြီး ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန်ထမ်းဆောင် နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲရန်နှင့် အင်အားတိုးမြှင့်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမည်ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲတပ်ဖွဲ့ဆိုသည်မှာ ပြည်သူများနှင့် နေ့စဉ်ဘဝအများဆုံးဆက်စပ် ပတ်သက်နေသော လုံခြုံရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပေသည်။ ၎င်းတို့သည် ပြည်သူ့လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရန် အဓိကတာဝန်ရှိသူများဖြစ်ပြီး ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင် ကာကွယ်ရေးတွင်လည်း အဓိကကျပေသည်။ လူ့အဖွဲ့အစည်းအလွှာစုံ၏ လိုအပ်ချက်များကို သင့်မြတ်မှန်ကန်စွာတုံ့ပြန်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိသောရဲတပ်ဖွဲ့သည် လူ့အဖွဲ့အစည်း၏ လုံခြုံမှုကိုမြှင့်တင်ပေးနိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်နှင့် တာဝန်များမှာ Power Point တွင်ပြထားပြီးဖြစ်ပါသည်။ ရည်မှန်းချက်များမှာ ပြည်တွင်းလုံခြုံရေး နှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး။ တာဝန်များမှာ ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားနေသောပြစ်မှုများကို စုံစမ်းဖော်ထုတ်

တရားစွဲဆိုရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထု လုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဖွဲ့အစည်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ရှိသော တပ်ဖွဲ့ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်သည် ဒုတိယရဲဗိုလ်ချုပ်ကြီးအဆင့်ဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံးကို ဦးဆောင်ဆောင်ရွက်ကွပ်ကဲပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းထားပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့များ၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးကျောင်းများ တပ်ဖွဲ့များတွင် ၁၆ ဖွဲ့ ရှိပါသည်။ Power Point တွင် ပြထားတဲ့အတိုင်းဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ ရဲတပ်ဖွဲ့ကဏ္ဍကြီးတစ်ခုလုံး၏ လက်ရှိအနေအထားနှင့် နောက်ခံအခြေအနေကို မှန်ကန်သည့်အကဲဖြတ်သုံးသပ်မှုများပြုလုပ်ရန်၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးရည်ရွယ်ချက်နှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို စဉ်းစားသတ်မှတ်ရန်၊ ရဲတပ်ဖွဲ့အား ထိန်းကျောင်းကွပ်ကဲမည့် ယန္တရားများ၏အခြေအနေနှင့် လိုက်လျောညီထွေစွာ ဖွံ့ဖြိုးရေးကိုစဉ်းစားရန်၊ အထက်မှအောက်သို့ပြောင်းလဲသည့်ချဉ်းကပ်ပုံနှင့် အောက်မှအထက်သို့ပြောင်းလဲခြင်းချဉ်းကပ်ပုံများကို ပေါင်းစပ်ဆောင်ရွက်ရေးစဉ်းစားရန်၊ လုပ်ငန်းသဘောမတူညီသည့် ရဲတပ်ဖွဲ့၏အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး ရဲတပ်ဖွဲ့ကဏ္ဍကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲရေးကိုစဉ်းစားရန်၊ နိုင်ငံတကာအမြင်များ နိုင်ငံတကာကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးပြုသွားနိုင်ရေးကို ထည့်သွင်းစဉ်းစားရန်၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် လူ့အဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်မှုကို အလေးထားစဉ်းစားဆောင်ရွက်ရေးပြုလုပ်ရန်၊ ရေတိုပြောင်းလဲမှုအတွက် ရေရှည်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်သွားနိုင်ရေးကို စဉ်းစားရန်ဖြစ်ပါတယ်။

ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး အဆင့်နှစ်ဆင့်ရှိပါတယ်။ မဟာဗျူဟာအဆင့်နှင့် နည်းဗျူဟာအဆင့်တို့ရှိပါသည်။ မဟာဗျူဟာအဆင့်မှာ ရဲတပ်ဖွဲ့ဖွဲ့စည်းပုံ၊ တပ်ဖွဲ့အင်အားစုဆောင်းခြင်း၊ နိုင်ငံတကာအဆင့်မီလေ့ကျင့်ရေး၊ နည်းပညာအကူအညီ၊ ပြည်သူလူထုထောက်ခံမှုရရှိရေး၊ ရဲတပ်ဖွဲ့ဝင်များနှင့်လူသားအရင်းအမြစ်များ၊ နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းဆောင်ရွက်မှု။ နည်းဗျူဟာအဆင့်မှာ ရဲတပ်ဖွဲ့ဥပဒေ၊ အဂတိနှင့်အကျင့်စာရိတ္တ၊ စားဝတ်နေရေးလုပ်ငန်းများလိုအပ်ချက်၊

လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်း၊ တာဝန်ချထားပေးသည့်မူဝါဒ၊ မီဒီယာကဏ္ဍဖွံ့ဖြိုးရေး၊ အင်အားပြန်းတီးမှုထိန်းသိမ်းရေး၊ ရဲနှင့်ပြည်သူအချိုးအစားညီညွတ်ရေး၊ ရဲလုပ်ငန်းများတာဝန်ကျေပွန်မှုနှင့်စည်းကမ်းလိုက်နာမှု၊ လုပ်ငန်းအသုံးအဆောင် အထောက်အကူပစ္စည်းများ၊ ဥပဒေဆိုင်ရာပညာပေးခြင်း၊ အခြေခံလေ့ကျင့်ရေး၊ ဆုပေး၊ ဒဏ်ပေးစနစ်၊ ဖော်ထုတ်၊ ဖမ်းဆီးမှုနှင့်ပြစ်ဒဏ်ကျခံမှုဟန်ချက်ညီရေး၊ လစာစရိတ်စသည်များဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲတပ်ဖွဲ့တွင် အရပ်ဘက်ထိန်းချုပ်မှုကို ခိုင်ခိုင်မာမာတည်ဆောက်ရန်လိုအပ်ပါတယ်။ နိုင်ငံရေးအသွင်ပြောင်းလဲရာတွင် ရဲတပ်ဖွဲ့အပေါ် ပြည်သူများ၏ယုံကြည်မှုလျော့ပါး နေခြင်းရှိသဖြင့် အစိုးရအနေဖြင့် အဆိုပါယုံကြည်မှုကိုပြန်လည်မြင့်တက်လာရေးကို ဆောင်ရွက်ရန်နှင့် ရဲတပ်ဖွဲ့မှလည်း ပြည်သူများ၏ယုံကြည်မှုကိုပြန်လည်ရရှိရန် ကျိုးစားရပေမည်။ ရဲတပ်ဖွဲ့ အနေဖြင့်မိမိတို့ရဲတပ်ဖွဲ့၏လက်ရှိအခြေအနေများ၊ ပြောင်းလဲလာသည့် နိုင်ငံရေးအခြေအနေများကိုနည်းလည်သဘောပေါက်၍ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရန်လိုအပ်နေပြီဆိုသည့်အချက်ကိုမိမိကိုယ်တိုင် ခိုင်ခိုင်မာမာနားလည်သဘောပေါက်ရမည်။ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူ့ဘဝလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို စွမ်းရည်ပြည့်ဝစွာဝန်ဆောင်မှုပေးနိုင်ရန်၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုများပါဝင်နေလျက်ရှိရာ ပြုပြင်ပြောင်းလဲရေးတွင် စွမ်းရည်ထက်မြက်ရေးတစ်ခုတည်းကိုသည် အာရုံမစိုက်ဘဲ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောအဖွဲ့အစည်း တစ်ရပ်ဖြစ်ပေါ်လာရန်၊ အရေးကြီးပါတယ်။ ကုလသမဂ္ဂရဲ့ နိုင်ငံတကာလုပ်ငန်းဆိုင်ရာအဖွဲ့(United Nation International Police Force)ရဲ့ဖွင့်ဆိုချက်အရဒီမိုကရေစီနိုင်ငံများတွင် ရဲတပ်ဖွဲ့ ဆိုသည်မှာ လွတ်လပ်မှုကို ပိတ်ပင်တားဆီးရန် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ အဆိုပါလွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအနေဖြင့် လွတ်လပ်မှုကို ရယူကျင့်သုံးနိုင်ရေးအတွက် လုံခြုံတည်ငြိမ်သောပတ်ဝန်းကျင်ကောင်းကိုရရှိရမည်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့၏ အဓိက အကျဆုံးတာဝန်မှာအဆိုပါပတ်ဝန်းကျင်ကိုဖန်တီးထိန်းသိမ်းနိုင်ရန်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနည်းလမ်းကျဖွဲ့စည်းထားသော ရဲတပ်ဖွဲ့များသည် အောက်ပါစံနှုန်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီမူဘောင်များကို လေးစားရမည်။

ပြည်သူများ၏ယုံကြည်မှုကို ထိုက်တန်သည့်လုပ်ထုံးလုပ်နည်းများ၊ ကျင့်ထုံးများကို လိုက်နာကျင့်ကြံရမည်။ ပြည်သူများ၏ လူနေမှုဘဝကို ကာကွယ်စောင့်ရှောက်ရမည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုများနှင့် ပြည်သူများအပေါ် ဖောက်ဖျက်ကျူးလွန်သော ရာဇဝတ်မှုများကို အဓိကကိုင်တွယ်ရမယ်။ လူသား၏ ဂုဏ်သိက္ခာကိုလေးစားရမည်။ ခွဲခြားဆက်ဆံမှုမရှိဘဲ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါသည်။ ယခုမှာပြထားတာ ကျွန်တော်တို့ မြန်မာရဲတပ်ဖွဲ့ရဲ့စစ်ရေးပြနဲ့ EU ကပေးတဲ့ သင်တန်းများဖြစ်ပါသည်။ ကျေးဇူးတင်ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိအနေနှင့် အခုလိုတင်ပြသော တရားဥပဒေစိုးမိုးရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူတို့၏ နေ့စဉ်ထိတွေ့ဆက်ဆံမည့် ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲရန်နှင့် အင်အားတိုးမြှင့်ပေးရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ ခွင့်ပြုချက်ပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရေးမဲဆန္ဒနယ်မှ ဆရာကြီးဒေါက်တာအောင်ထွန်းခိုင်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ဖားကန့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး ဖြစ်ပါတယ်။ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆရာကြီးဒေါက်တာအောင်ထွန်းခိုင်ရဲ့အဆိုကိုလေ့လာကြည့်တဲ့အခါမှာ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေရတဲ့ ပိတ်ရက်မရှိ ၂၄ နာရီ တာဝန်ထမ်းဆောင်နေရတဲ့ ဥပဒေဖြင့်ပြဋ္ဌာန်းပေးတဲ့တာဝန်ကိုလည်း ထမ်းဆောင်နေရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အဆင့်မြှင့်တင်ပေးဖို့၊ ပြုပြင်ဖို့၊ အင်အားမြှင့်တင်ရန်ဆိုပြီးတော့ လုပ်ငန်းစဉ်သုံးရပ်ကို ချမှတ်ဖော်ဆောင်ဖို့ ပြည်ထောင်စုအစိုးရကိုတိုက်တွန်းထားတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ အဆင့်မြှင့်တင်ရန်ဆိုကတည်းက ရဲလုပ်ငန်းဟာ အဆင့်မြင့်နေပြီလို့ပြောခြင်းဖြစ်ပါတယ်။ ပစ္စုပ္ပန်ကာလမှာ မူးယစ်ဆေးဝါးများဟာ ရှေ့ကထက်ပိုပြီးတော့မှ တိုးတက်ဖမ်းဆီးရမိနေတယ်ဆိုတဲ့အချက်အရ မူးယစ်အထူးရဲလုပ်ငန်းကဏ္ဍကတော့

မနိမ့်ကျပါဘူး။ တိုးတက်နေပါတယ်။ ဘယ်ကဏ္ဍတွေနိမ့်သွားပါသလဲဆိုတာ လေ့လာကြည့်တဲ့အခါမှာတော့ ရာဇဝတ်မှုဆိုင်ရာမှုခင်းများအတွက် အမှုတွဲတည်ဆောက်ရာတွေမှာ အငြင်းပွားစရာမရှိအောင် နိမ့်ကျသွားတာကိုတွေ့ရပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ အရ ပထမသတင်းပေးတိုင်တန်းချက်(FIR)ကိုပင် ဖြောင့်မှန်အောင်၊ ကျင့်ထုံးဥပဒေနဲ့ညီအောင် ဖွင့်မပေးတတ်ကြတာကိုလည်း တွေ့ရပါတယ်။ ဥပမာအားဖြင့် ဗစ်တိုးရီးယားလိုအမှုမျိုးမှာ ဖြစ်ပါတယ်။ တိုင်ကြားသူက တိုင်ကြားသလို အမှုဖွင့်လို့ ပြစ်မှုဆိုင်ရာကျင့်ထုံးနဲ့ ရဲလက်စွဲဥပဒေများနဲ့ ဖော်ပြထားပေမဲ့ တိုင်တဲ့သူပြောတဲ့အတိုင်း အကုန်ထည့်မရေးတာမို့ အမှုလမ်းလွဲသွားတဲ့သာဓကတွေလည်း များစွာရှိပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ အမှုမစစ်ခင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားတာကို စုံထောက်ဖမ်းဆီးအပြစ်ပေးနိုင်ရေး၊ အပြစ်ဒဏ်ကျခံပြီးနောက် ထပ်မံမကျူးလွန်နိုင်ဖို့ ပတ်ဝန်းကျင်ပြောင်းလဲရေးအဆင့်သုံးဆင့် လုပ်ပေးနိုင်ရမှာဖြစ်ပါတယ်။ အခုကျွန်တော်တို့ မူးယစ် ဆေးဝါးဖမ်းဆီးရေးဟာ မှုခင်းမဖြစ်ပွားရေး ကြိုတင်ကာကွယ်တဲ့လုပ်ငန်းထဲမှာပါပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲလုပ်ငန်းတွေတွင်ကျယ်စွာနဲ့ အသုံးဝင်စွာသုံးရတဲ့ ဥပဒေများစွာရှိပါတယ်။ အဲဒီဥပဒေများကတော့ ရဲလက်စွဲဥပဒေ၊ ရဲအက်ဥပဒေ၊ ရန်ကုန်ရဲအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနဲ့ ယခုနောက်ပိုင်းမှထပ်တိုးလာတဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေတို့ဖြစ်ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲတပ်ဖွဲ့ဝင်များဟာ အဲဒီဥပဒေများကိုရော အမှန်တကယ်သုံးစွဲနေကြပါသလား။ ဥပဒေကိုဆန့်ကျင်ကျောခိုင်းနေကြပါ သလား။ စိစစ်ပေးဖို့အချိန်ကျရောက်နေပါပြီ။ အဲဒီလိုသုံးတည့်တဲ့ဥပဒေတွေကို သုံးခွင့်မရရှိနေသမျှ တစ်နည်းဆိုရပါက အဲဒီဥပဒေတွေကို လွှမ်းမိုးထားတဲ့ဥပဒေတစ်ရပ်ရပ်၊ အမိန့်ညွှန်ကြားချက်တစ်ရပ်ရပ်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ရှိနေသလားဆိုတာကို စိစစ်သုံးသပ်ပြီး ဥပဒေနဲ့အညီတာဝန်ထမ်းနိုင်ခွင့်ကို ကျွန်တော်တို့ ဖော်ထုတ်ပြုပြင်နိုင်မှသာလျှင် အဆိုမှာပါသလို အဆင့်မြှင့်တင်ပေးရာရောက်မှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲလုပ်ငန်းရဲ့ပဓာနအကျဆုံးဌာနဟာ ရဲစခန်းများပဲ ဖြစ်ပါတယ်။ ရဲစခန်းများရဲ့လုပ်ငန်းများပဲဖြစ်ပါတယ်။ အလွန်အလုပ်များပြီး နားရက်မရှိ၊ ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြရတာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို လစ်ဟာမှုမရှိအောင်မန်ပုံတင် ၃၇ မျိုးနဲ့ထိန်းကျောင်းထားပါတယ်။ အလွန်စေ့စပ်သေချာတဲ့အုပ်ချုပ်ရေးစနစ်

ဖြစ်ပါတယ်။ အခု ရဲစခန်းတွေမှာစစ်ဆေးပါက ထို မန်ပုံတင် ၃၇ မျိုးပြည့်စုံပါရဲ့လား။ ရဲရဲကြီး ပြောနိုင်ပါတယ်။ မပြည့်စုံပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအဆိုဟာ အများပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို အထူးဦးတည်နေတာကို တွေ့ရှိရတဲ့အပြင် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဒီအဆိုခေါင်းစဉ်နဲ့ပတ်သက်ပြီး များပြားလှတဲ့ မေးခွန်းတွေရှိနေတာ သေချာနေတာဖြစ်တဲ့အတွက် လုပ်ငန်းတိုးတက်အောင် ဘယ်လို၊ ဘယ်ပုံ လုပ်ကြမလဲ။ အင်အားတိုးချဲ့ဖို့လိုတာက ဘယ်လို၊ ဘယ်ပုံနဲ့တိုးချဲ့မလဲ။ ဘယ်ဥပဒေက ရဲလုပ်ငန်းကို အဟန့်အတားဖြစ်နေစေတယ်စသဖြင့် ဆွေးနွေးနိုင်ကြဖို့အတွက် ရေးမဲဆန္ဒနယ်မှ အဆိုရှင် ဒေါက်တာအောင်ထွန်းခိုင်ရဲ့ အခုတင်သွင်းတဲ့အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် လေးစားစွာတိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကေျးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါ့မယ်။ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်ကတင်သွင်းသော တရားဥပဒေစိုးမိုးရေး တာဝန်တစ်ရပ်အနေဖြင့် အများပြည်သူတို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံပြီး ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင်ပြုပြင် ပြောင်းလဲရန်နှင့် အင်အားတိုးမြှင့်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ၂၁-၈-၂၀၂၀ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် တောင်သူလယ်သမားဘဝ ရေရှည် တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြု ခဲ့သည့် အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့(၂၁-၇-၂၀၂၀ ရက်နေ့)တွင် တင်သွင်းသွားတဲ့ တောင်သူလယ်သမား ဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာ ထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ရှစ်ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်စားသောက်နေကြရတဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်နေတောင်သူလယ်သမားများ ဖြစ်ပါတယ်။ ယခုဆိုရင် ရာသီဥတုဖောက်ပြန်မှုများရှိလာတဲ့အတွက် စပါးအပါအဝင် သီးနှံဈေးနှုန်းများဟာလည်း ကျဆင်းလာတဲ့အပြင် ထုတ်လုပ်မှုကုန်ကျစရိတ်အောက်နည်းတဲ့ဈေးနှုန်းများနှင့်လည်း ရောင်းချနေရပါတယ်။ တောင်သူလယ်သမားတွေရဲ့ဘဝဟာ နာလန်မထူနိုင်အောင် အရင်းကြီးပြီး အကျိုးအမြတ်က မသေချာ၊ နည်းနည်းမြတ်ပြီး များများရှုံးတယ်ဆိုတာမျိုးတွေ ဖြစ်နေကြပါတယ်။ လယ်ယာလုပ်ငန်းကိုလည်း လယ်သမားတွေ စိတ်ပျက်ရုံသာမက လယ်သမား၊ လယ်ယာလုပ်သားတွေ၊ လုပ်ငန်းခွင်ကို စွန့်ခွာနေတဲ့လူငယ်၊ လူရွယ်အများစုဟာ ကျေးလက်နေတောင်သူလယ်သမားများ ဖြစ်ပါတယ်။ နိုင်ငံ့အတွက် လူသားအရင်းအမြစ်သယံဇာတတွေ ဆုံးရှုံးနေကြရတယ်လို့ ဆိုရမလို ဖြစ်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၇၀ ရာခိုင်နှုန်းလောက်က စိုက်ပျိုးရေးကိုပဲ အဓိကထားလုပ်ဆောင်နေကြကာ စားသောက်နေကြရတဲ့ တောင်သူလယ်သမားများက ပိုများပါတယ်။ ယခုဆိုရင် COVID–19 ဆိုတဲ့ ကမ္ဘာ့ကပ်ရောဂါကြီးက ယခုအချိန်အထိကို တည်ငြိမ်မှုမရှိတာကို တွေ့နေရပါတယ်။ စိုက်ပျိုးထားသောသီးနှံများမှာ ရင်းရသောအရင်းအနှီးများနှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပြန်ရမှုက နည်းပါးလာတဲ့အပြင် COVID–19 ကာလဖြစ်တဲ့အတွက် ပြည်ပသို့တင်ပို့ရတဲ့ သီးနှံများကလည်း အရင်လိုကာလမဟုတ်တာကြောင့် တောင်သူလယ်သမားများ ဆုံးရှုံးမှုများစွာ၊ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ထို့အပြင် စိုက်ပျိုးစရိတ်အတွက် ချေးယူထားသော ချေးငွေများကိုလည်း အတိုးရောအရင်းပါ ပြန်ပြီးစိုက်ရတဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေရဲ့ရတဲ့အမြတ်နဲ့ ပြန်ပြီးစိုက်ရတဲ့ငွေပမာဏ မကိုက်ညီတဲ့အပြင် ကိုယ့်အိတ်ထဲကပါ စိုက်ပြီးပေးနေရတဲ့အခြေအနေ၊ အခိုက်အတန့်တွေကြောင့် အကြွေးအပေါ် အကြွေးဆင့် သံသရာလည်နေကြရပါတယ်။

**မူကြမ်း**

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ အတိုးကြွေးနွံနစ်ပြီး ဆင်းရဲနွမ်းပါးမှု တိုးပွားလာမှုဖြစ်ရခြင်းအကြောင်းအရင်းမှာ တောင်သူလယ်သမားများဟာ စိုက်ပျိုးရာသီတွေမှာ ရာသီဥတုဖောက်ပြန်မှု၊ ရေကြီးရေလျှံမှု၊ ပိုးမွှားရောဂါကျရောက်မှုစတာတွေကြောင့် စပါး၊ ပဲ၊ ပြောင်း စသည့်သီးနှံများ အထွက်နှုန်းလျော့နည်းပြီး သီးနှံဈေးနှုန်းပါကျဆင်းကာ နှစ်စဉ်ဆက်တိုက်အရှုံးပေါ် ၍ ကြွေးမြီဝန်ထုပ်ဝန်ပိုးဒဏ်ကို မြန်မာ့တောင်သူလယ်သမားများ အလူးအလဲခံနေကြရပါတယ်။ စိုက်ပျိုးစရိတ်အတွက်လည်း ချေးငွေပြန်ဆပ်ဖို့ မကြေလည်မှုတွေရှိနေတဲ့ အတွက်ကြောင့်ရှိတာ ပေါင်နှံရောင်းချကာ အတိုးကြီးနဲ့ ထပ်ချေးဆပ်နေကြရပါတယ်။ တောင်သူလယ်သမားများဟာ သဘာဝဘေးအန္တရာယ်နှင့် သီးနှံအထွက်နှုန်းကျဆင်းကာ ပုဂ္ဂလိကချေးတဲ့ငွေတွေကို ပြန်မဆပ်နိုင်ကြလို့ အတိုးနှင့်အရင်းပေါင်း၍ အတိုးအပေါ်အတိုးဆင့်ကာ အခက်အခဲမျိုးစုံကို ကျွန်တော်တို့ကျေးဇူးရှင် တောင်သူလယ်သမားများ ခံစားနေရပါတယ်။ စိုက်ပျိုးထွက်သီးနှံများကို ပြည်ပသို့တင်ပို့မှုကလည်း ယခုလို COVID-19 ကပ်ရောဂါဖြစ်နေတဲ့အတွက်ကြောင့် အခက်အခဲ မြောက်မြားစွာကြုံတွေ့နေရပါတယ်။ တချို့ဆို အကြွေးမဆပ်နိုင်လို့ ထွက်ပြေးတိမ်းရှောင် နေကြသူများ အခက်အခဲပေါင်းစုံ၊ ဒုက္ခပေါင်းစုံကြုံတွေ့သူများလည်း ရှိပါတယ်။ တချို့သော တောင်သူလယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေ၊ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများဖြစ်သည့် ချေးငွေများရရှိပေမဲ့ စိုက်ပျိုးပြီးသည့် အချိန်မှ ချေးငွေများရောက်ရှိလာတာကြောင့် အခက်အခဲကြုံကာ ငွေတိုးချေးသောသူများထံမှ ကြိုတင်၍ ချေးယူစိုက်ပျိုးရတာတွေရှိတဲ့အတွက် အတိုးကြီးနဲ့ချေးငွေယူပြီး စိုက်ပျိုးရသော တောင်သူလယ်သမားများလည်း ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့်နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်ကျရောက်ခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်လည်းကောင်း၊ မြေဆီလွှာအရည်အသွေးကျဆင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းကဲ့သို့သော အခြေအနေများကြောင့်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေများ လက်လွှတ်ခဲ့ရ၊ စွန့်လွှတ်ခဲ့ရခြင်းများ စသည့်ဖြစ်စဉ်များကြောင့် တောင်သူလယ်သမားများရဲ့လူမှုဘဝ၊ စီးပွားရေးအခြေအနေ နိမ့်ကျရခြင်းများရှိနေပါတယ်။ ထို့ကြောင့် တောင်သူလယ်သမားများ၏ လူမှုဘဝစီးပွားတိုးတက်မြင့်မားစေရန်

ရေတိုရေရှည်အစီအမံများမှာ ပိုမိုအရေးပါလျက်ရှိနေပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများ ဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာ ထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)မှ တင်သွင်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်) ၏အဆိုအား ထောက်ခံဆွေးနွေးသွားမည့် မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံစတင်တည်ထောင်ကတည်းက အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့်လူတန်းစားဟာ တောင်သူလယ်သမားများပင် ဖြစ်ပါတယ်။ သို့သော် ယင်းတို့ရဲ့လူနေမှုဘဝမှာ ယနေ့တိုင် နိမ့်ကျဆဲဖြစ်နေပါတယ်။ မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ဖြစ်သည့် ကျေးလက်နေပြည်သူတောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ နိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ နှစ်စဉ်သဘာဝ ဘေးအန္တရာယ်၊ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံဖျက်ပိုးများကျရောက်ခြင်း၊ မြေဆီလွှာအရည်အသွေး ကျဆင်းခြင်းနှင့် အထူးသဖြင့် ယခု COVID-19 ကာလအတွင်း စိုက်ပျိုးသီးနှံဈေးနှင့် သီးနှံထွက်မှု ကျဆင်းကာ ယင်းတို့လုပ်ငန်းခွင်တွင် ရင်းနှီးစိုက်ထုတ်ခဲ့ရသည့် အရပ်ရပ်သောကြွေးမြီများကို တောင်သူလယ်သမားများအနေဖြင့် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ မြန်မာနိုင်ငံတောင်ပိုင်းနှင့်အလယ်ပိုင်းရှိ အဓိကစပါးစိုက်ပျိုးသောဒေသများမှာ ၆၀ ရာခိုင်နှုန်းသောဘဏ်ခွဲများကို ထားရှိပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ တချို့တောင်သူများဟာ ယင်းဘဏ်မှ ငွေချေးယူပြီး ယခုအချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရန် များစွာအခက်အခဲရှိနေပါတယ်။ ထိုပြဿနာကို ဖြေရှင်းရန် အခြားသောချေးငွေလုပ်ငန်းများမှ ငွေချေးကာ ပြန်လည်ပေးဆပ်နေရ၍ အတိုးပေါ်အတိုးဆင့်ကာ ချေးငွေပိသည့်ဒဏ်ကို ခံနေရပါတယ်။ အဆိုရှင်ကလည်း အကြွေးနွံနစ်မှုဟာ နိုင်ငံအတွက် ကောင်းမွန်တဲ့လက္ခဏာမဟုတ်ဘူးလို့

ဆိုခဲ့ပါတယ်။ ယင်းဈေးငွေဝန်ပိဒဏ်များကြောင့် တောင်သူလယ်သမားများ၏စိုက်ပျိုးထုတ်လုပ်မှု အတွက် ရင်းနှီးမြှုပ်နှံမှုစွမ်းအားကို လျော့ကျစေမှာဖြစ်ပါတယ်။ ဈေးငွေများဖြင့် စိုက်ပျိုးနေသော တောင်သူလယ်သမားများအနေဖြင့် အကြွေးနွံကြောင့် လယ်ယာလုပ်ငန်းခွင်ကိုစွန့်လွှတ်ခဲ့လျှင် ယင်းနှင့်ဆက်သွယ်သည့် သီးနှံထုတ်လုပ်သောကွင်းဆက်တစ်လျှောက်လုံးကိုလည်း ထပ်မံ၍ ပျက်စီးထိခိုက်စေနိုင်ပါတယ်။ ထို့အတူ နိုင်ငံရဲ့စားနပ်ရိက္ခာလုံလောက်မှုကိုလည်း ထိပါးလာနိုင်ပါ တယ်။ ထိုကြောင့် တောင်သူလယ်သမားများအကျိုးဖြစ်ထွန်းရေးအတွက် သူတို့၏ရပိုင်ခွင့် အခွင့်အရေးများကို နိုင်ငံတော်အနေဖြင့် ကာကွယ်စောင့်ရှောက်ပေးပြီး လယ်ယာလုပ်ငန်းခွင်ဆိုင်ရာ အကျိုးစီးပွားဖြစ်ထွန်းမှုကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ COVID-19 ကာလတွင် သီးနှံဈေးနှုန်းမှာ အလွန် ကျဆင်းကာအရှုံးပေါ်ပြီး ကြွေးမြီဝန်ထုပ်ဝန်ပိုးဒဏ်ကို တောင်သူလယ်သမားများအနေနဲ့ အလူးအလဲခံစားနေရပါတယ်။ စိုက်ပျိုးဈေးငွေပြန်ဆပ်ဖို့ မပြေမလည်ရှိကြတာမို့ ရှိတာပေါင်နှံပြီး ဆပ်နေရတာကိုလည်း ဝမ်းနည်းစွာတွေ့မြင်နေရပါတယ်။ တောင်သူလယ်သမားများမှာ ယခင်နှစ် များကလည်း ဆက်တိုက်ရှုံးခဲ့ပြီး ယခုကိုဗစ်ကာလတွင် ပုဂ္ဂလိကချေးတဲ့ငွေကို ပြန်မဆပ်နိုင်လို့ အတိုးနဲ့အရင်းပေါင်းပြီး၊ အတိုးပေါ်အတိုးဆင့်ပြီး တချို့နေရာများတွင် လယ်ရောင်း၊ နွားရောင်း၊ မြေနှင့်အိမ်ကို ထိုးဆပ်ရတာတွေ ရှိခဲ့ပါတယ်။ တချို့တောင်သူလယ်သမားတွေမှာဆိုလျှင် အကြွေး မဆပ်နိုင်၍ တရားစွဲခံနေရတဲ့အဖြစ်မျိုး ကြုံတွေ့နေရပါတယ်။ ဤကဲ့သို့ တောင်သူလယ်သမားများ ၏ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ဗဟိုဘဏ်မှာ ဗဟိုဘဏ်၏လုပ်ပိုင်ခွင့်ရှိသူများနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် တောင်သူလယ်သမားများအတွက် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေရရှိရေးကို စီမံကိန်းချ၍ ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကဏ္ဍအတွက် ထွက်ကုန်များကို နိုင်ငံခြားတင်ပို့ရာတွင်လည်း ဈေးကွက်ကုန်သွယ်မှုနှင့်ပတ်သက်သောအတားအဆီးအားနည်းချက်များ များစွာရှိနေဆဲ ဖြစ်ပါ တယ်။ ဥပမာ- နယ်စပ်ကုန်သွယ်ရေးတွင် ဖရဲသီးများမရောင်းရ၍ စွန့်ပစ်ခဲ့ရခြင်းဟာ ထင်ရှားတဲ့ သာဓကပါ။ ဈေးကွက်အားနည်းမှုက သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှုံးပေါ်စေပါတယ်။ မရှုံးရန် အတွက် နိုင်ငံတော်က နည်းလမ်းကြံဆောင်သင့်ပါတယ်။ မြန်မာ့လယ်ယာကဏ္ဍဟာ မျိုးကွဲစုံလင်မှု ရှိပြီး ဆန်စပါး၊ ပဲအမျိုးမျိုး၊ ပြောင်းနှင့် သီးနှံသစ်သီးဝလံများ စိုက်ပျိုးကြပါတယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုစွမ်းအားက အလွန်နိမ့်ပါးနေတာကို တွေ့ရပါတယ်။ ဥပမာ- မြန်မာနိုင်ငံ

တွင် တစ်နေ့တာလုပ်ငန်းခွင်မှာ ဆန်စပါးထုတ်လုပ်မှု ၂၃ ကီလိုဂရမ်၊ ကမ္ဘောဒီးယားနိုင်ငံ ၆၃ ကီလိုဂရမ်၊ ဗီယက်နမ်နိုင်ငံ ၄၂၉ ကီလိုဂရမ်၊ ထိုင်းနိုင်ငံ ၅၄၇ ကီလိုဂရမ်တို့နှင့်နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ဒါ့အပြင် မြန်မာ့လယ်ယာလုပ်ငန်းလုပ်ကိုင်မှုက နည်းပညာတိုးတက်သည်ဆိုသော်လည်း လူ၏လုပ်အားအပေါ်မှာ အကြီးအကျယ်မှီခိုနေဆဲ ဖြစ်ပါတယ်။ မြန်မာ့လယ်သမားများသည် ဆန်စပါးစိုက်မယ့် တစ်ဧကကို ရက် ၁၀၀ ကျော်လုပ်နေရသော်လည်းပဲ ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် ၁၁ ရက်သာ လုပ်ရပါတယ်။ ဒါကြောင့်မို့လို့ အာရှတိုက်ရှိဆန်စပါးထုတ်လုပ်သောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု အကျိုးအမြတ်အနည်းဆုံးနိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ပါ၍ အထက်ပါကဲ့သို့အခက်အခဲများရှိနေတဲ့ တောင်သူလယ်သမားများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသောအဖွဲ့အစည်းများနှင့် ထောက်ပံ့ခြင်းနှင့် အခြားလူမှုကာကွယ်စောင့်ရှောက်ရေးအကူအညီပေးရန် အစိုးရအနေဖြင့် ထည့်သွင်းစဉ်းစားသင့်ပါတယ်။ သူတို့၏ချေးငွေပြဿနာများကိုလည်း အစိုးရအနေဖြင့် မူဝါဒတစ်ရပ်ချမှတ်ပြီး တောင်သူလယ်သမားများ၏ဆပ်ပြီးသည့် အကြွေးမှတ်တမ်းကို မထိခိုက်စေဘဲ ယင်းတို့၏ချေးငွေများကို ပြေလျှော့ပေးရန် စီမံဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တောင်သူလယ်သမားများ အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့ကို လယ်ယာမြေဥပဒေအပါအဝင် နောင်ပြဋ္ဌာန်းမယ့် စိုက်ပျိုးရေး၊ ကျေးလက်တို့နှင့်သက်ဆိုင်သည့် ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်းနှင့် လက်ရှိကြုံတွေ့နေရသော စိုက်ပျိုးချေးငွေများ ပြေလျှော့ပေးနိုင်မည့် အစီအစဉ်ကို အစိုးရအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ မြန်မာနိုင်ငံ၏အဓိကစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍ၏ စိုက်ပျိုးစွမ်းအားမြင့်မားလာစေရန် မှန်ကန်သောသီးနှံအာမခံချက်နှင့် တောင်သူလယ်သမားများ၏ အကြွေးကင်းစင်သည့်လူမှုဘဝမြှင့်တင်ရေးအတွက် အားလုံးက ဝိုင်းဝန်းလုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရင်း ဦးသိန်းထွန်း၏အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင်

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်သွင်းတဲ့ တောင်သူလယ်သမားဘ၀ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတကာမှ ထောက်ပံ့ငွေရရှိရေး သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို နိုင်ငံတော်အစိုးရက စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်သင့်ကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ အနည်းအငယ်တောင်သူလယ်သမားများဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာကိုလုပ်ကျွေးနိုင်တဲ့ကျေးဇူးရှင်ကြီးများဖြစ်တယ်လို့ ကျွန်တော် ခံယူပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများဘ၀ ဖွံ့ဖြိုးတိုးတက်လာမှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ အဓိကဂရုစိုက်ရမယ့် အခြေခံလူတန်းစားဟာ တောင်သူလယ်သမားများဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်း အမျိုးမျိုးလုပ်ကိုင်လျက်ရှိပါတယ်။ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ ခြံမြေလုပ်ငန်း၊ သစ်သီးစိုက်ပျိုးတဲ့လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းစသည်ဖြင့် ဒေသအလိုက်ကိုက်ညီသော လုပ်ငန်းများကိုလုပ်ကိုင်လျက် နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့နေတဲ့၊ လုပ်ကျွေးနေတဲ့ လူတန်းစားဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရကလဲ အဓိကအလေးထားကူမည်ဖြစ်ပါတယ်လို့ အကြံပြုလိုပါတယ်။ ဥပမာ– ကျွန်တော်တို့ ပူတာအိုဒေသမှထွက်တဲ့ သစ်သီးအကြောင်းကို မြန်မာ့သစ်သီးဝလံဆိုတဲ့အဆို ဆွေးနွေးစဉ်က ကျွန်တော် ဆွေးနွေးဖူးပါတယ်။ ဒါကြောင့် အစိုးရက ဈေးကွက်ဖန်တီးပေး၍ ကူညီမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကိုဗစ်ကာလအတွင်း ဝင်ငွေမရှိတဲ့တောင်သူများကို အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုး ထောက်ပံ့ရာမှာလည်းပဲ မျှတမှုမရှိဘဲ တကယ်ရသင့်ရထိုက်တဲ့ တောင်သူများကမရရှိကြောင်း၊ မရသင့်တဲ့ ဝင်ငွေရှိတဲ့လူတွေကလည်းရရှိကြောင်း သတင်းအမျိုးမျိုးထွက်ပေါ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒါဟာ စီမံခန့်ခွဲမှုလိုအပ်တယ်လို့ ကျွန်တော်တိုက်တွန်းမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်အကြံပြုလိုတာကတော့ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်လာအောင် ဆောင်ရွက်နိုင်ဖို့ အရင်းအနှီးများရရှိနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေကိုလည်း လွှတ်တော်မှာ ဆွေးနွေး၍ မဖြစ်မနေအတည်ပြုသင့်ကြောင်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဘ၀ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်မှာ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ဖွင့်ပေးဖို့အဆိုကိုလည်း

ကျွန်တော်ဆွေးနွေးခဲ့ဖူးပါတယ်။ သို့သော် အဆိုလည်းမအောင်မြင်တဲ့အတွက်ကြောင့် စိတ်မကောင်းလည်းဖြစ်ပါတယ်။ အမှန်ဆိုရင် တောင်သူလယ်သမားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရန် ဝန်ကြီးဌာနတစ်ခု လိုကိုလိုတယ်လို့ အကြံပြုလိုပါတယ်။ ဒါကြောင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်သွင်းတဲ့အဆိုကို လွှတ်တော်မှာအတည်ပြုပေးသင့်ကြောင်း အကြံပြုရင်းနိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ တောင်သူလယ်သမားဘဝ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုခဲ့သော အရပ်ရပ်သောကြွေးမြီကိစ္စရပ်များ ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကိုစီမံကိန်းတစ်ရပ်ချမှတ်ပေးပါရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မိမိရဲ့ဘဝနဲ့ လက်တွေ့ကြုံခဲ့ရသောအခြေအနေနဲ့ တင်ပြဆွေးနွေးသွားပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၁၉၉၂ ခုနှစ်မှာ သာသနာရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမျိုးညွန့်က ကျွန်တော့်ကို ခေါ်ယူခဲ့ပါတယ်။ သူက ဘာပြောလဲဆိုတော့ သာသနာရေးမှာ နံပါတ်(၁) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှာ မင်းရန်ပုံငွေရှာပေးရမယ်။ ရှာတဲ့အခါကျတော့ အလှူရှင်ရှာပေါ့ကွာတဲ့။ အဲဒါနဲ့ ကျွန်တော်ကလည်း အလှူရှင်လိုက်ရှာပါတယ်။ ဒါကတော့ ငွေကြေးအလှူရှင်ကတော့ သိပ်မရှိတာပေါ့။ အဲဒါနဲ့ ပုသိမ်မြို့နယ်မှာရှိတဲ့ ကျွန်တော့်သူငယ်ချင်း ခရိုင်အုပ်ချုပ်ရေးမှူးဆီကိုသွားပြီး အကူအညီ တောင်းတဲ့အခါကျတော့ ကျောင်းကုန်းမြို့နယ် သဲခုံရွာရှိ လယ်ဧက ၅ဝ ကို ခင်ဗျားလုပ်နိုင်ရင်လုပ် ဆိုတော့ အဲဒါနဲ့ ကျွန်တော်သွားကြည့်တော့ သဘောကျတယ်။ ဝန်ကြီးကိုပြောရာ မင်းဘယ်က ရလဲဆိုတော့ ပုသိမ်ခရိုင်၊ ပုသိမ်မြို့မှခရိုင်အုပ်ချုပ်ရေးမှူးက ကျွန်တော့်ကို မြို့နယ်မြေစာရင်းနဲ့

ညှိပြီးတော့ အဲဒါကိုလုပ်တဲ့။ ရေတော့နက်တယ်တဲ့။ မိုးတွင်းဆိုတော့ ရေကြီးတက်တယ်တဲ့။ ဝန်ကြီးကို ကျွန်တော် ငါးမွေးမယ်လို့ပြောတဲ့အခါကျတော့ သာသနာရေးမှာ ငါးမွေးလို့ ဘယ်ရမလဲကွဆိုတော့ အဲဒါဆိုဝန်ကြီး ကျွန်တော် နွေစပါးစိုက်မယ်ဆိုတော့ လုပ်ခွင့်ပေးပါတယ်။ အဲဒါနဲ့ လိုအပ်ချက်ကတော့ လယ်ထွန်စက်တစ်စီးလိုပါတယ်။ နောက်တစ်ခုက လယ်ကေ ၃၀၊ ၄၀ လုပ်ဖို့ အတွက်ကို အရန်ငွေ ၁၅ သိန်း ကျွန်တော့်ကို ထုတ်ထားပေးရမယ်ဆိုတော့ မင်းဘာသာမင်း ညွှန်ကြားရေးမှူးချုပ်ကိုပြောပြီးတော့ လုပ်ကွာတဲ့။ အဲဒါနဲ့ ပျော်သွားပြီးတော့ သဲခုံရွာမှာ နွေစပါးစိုက်ဖို့အတွက် ပြင်နေတဲ့အခါမှာ ထွန်၊ ထယ် အကုန်လုံးမွှေပါတယ်။ အဲဒီတော့ ဘာပြဿနာဖြစ်လဲဆိုတော့ နွေစပါးစိုက်တဲ့အခါ ရေမရတဲ့အခါကျတော့ စမ်းနည်းတယ်တဲ့။ စိုက်လို့ မရဘူးတဲ့။ မိုးစပါးပဲစိုက်ပါလားတဲ့။

အဲဒါနဲ့ တစ်ခါ ဝန်ကြီးကိုပြန်တင်ပြတဲ့အခါကျတော့ မိုးစပါးစိုက်တဲ့။ မိုးစပါးစိုက်တဲ့ အခါကျတော့ လယ်ထွန်တယ်။ ကောင်းကောင်းလုပ်တယ်။ မြေသြဇာကောင်းကောင်းကျွေးတယ်။ နောက်တစ်ခါ ဒေသစပါးတစ်တောင်ပို စိုက်တယ်။ စိုက်တဲ့အခါကျတော့ ဘာဖြစ်လဲဆိုတော့ မတ်လ၊ ဧပြီလမှာထွန်ယက်ပြီး ဧပြီလမှာအကုန်လုံးကြဲပြီးတော့ ထွန်တုံးပိတ်လိုက်တယ်။ ကျမ်းတုံးရိုက် တယ်။ ပြီးတဲ့အခါကျတော့ မေလမှာစပါးကသိပ်ကောင်းတော့ မေလ၊ ဇွန်လ၊ ဇူလိုင်လ အခုလို သြဂုတ်လကုန်လဲကုန်ရော မုန်တိုင်းသတင်းရတာနဲ့ ငါ့လယ်တွေတော့ ရေမြုပ်တော့မှာပဲဆိုပြီး တော့ ပြောရင်းပြောရင်းနဲ့ မုန်တိုင်းကဝင်လာတော့ အဲဒီမှာ လဆန်းရက်ဖြစ်တော့ ဒီရေကလည်းတက်၊ မုန်တိုင်းကလည်းကျဆိုတော့ ၁၅ ရက်လောက်ရေနစ်တာ အဲဒီမှာ ကျွန်တော့်ရဲ့ တစ်တောင်ပို စပါးလည်း အကုန်လုံး လယ်ဂုတ်ကျိုးပြီးတော့ ရှုံးပါလေရော။ အဲဒါနဲ့ ကျွန်တော်က ဒါလူကြီးကို မတင်ပြသေးဘူး။ ဘာလို့လဲဆိုတော့ အရင်တုန်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့မှာ ညွှန်ကြားရေးမှူးချုပ်လုပ်ခဲ့တဲ့ ဦးကျော်အေးဆီကို ကျွန်တော်မှ ဝန်ကြီးက ပိုက်ဆံ ၁၅ သိန်း ထုတ်ထားပေးထားတယ်။ အဲဒါ ကျွန်တော်အကြွေးတင်နေတယ်။ လယ်လုပ်တာမကိုက်ဘူးဆိုတော့ သူက လူတစ်ယောက်ရှာ။ ရှာတဲ့အခါကျတော့ လယ်လုပ်လို့ရှိရင် မင်းဘယ်လောက်ပေးနိုင်မလဲ။ လယ်ထွန်စက်ဖိုး ၁၅ သိန်းနဲ့ ကျွန်တော်စိုက်ထားတာ ၁၅ သိန်းရရင် ကျွန်တော်လုပ်ခွင့်ပေးမယ်။ အဲဒါနဲ့ သူလူရှာတာရတဲ့အခါကျတော့ အဲဒီမှာ ကျွန်တော် မြို့နယ်အေးချမ်းသာယာအေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ညှိပြီးတော့ လက်မှတ်တွေထိုးပြီးတော့ သူကလည်းလုပ်မယ်။ သူက ပါကစ္စတန်ကကုလား။ သူက မြန်မာပြည်သားပဲ။ ပါကစ္စတန်ကို ပြောင်းသွားတာ။ အဲဒီတော့ သူက ဆီးချိုစပါးစိုက်မယ်ဆိုတော့ ကျွန်တော်က

လက်မှတ်တွေထိုးပြီးတော့ ငွေ သိန်း ၃၀ လွဲပေးပြီး ဆောင်ရွက်ခဲ့လို့ ကျွန်တော်စိုက်ထားတဲ့ လယ်ထွန်စက်ဖိုး ၁၅ သိန်း၊ ဝန်ကြီးထုတ်ပေးတဲ့ ၁၅ သိန်း ပြန်ရပါတယ်။ ပြန်ရတော့ ကျွန်တော် ငွေပိုက်ပြီးတော့ ဝန်ကြီးကိုပြန်အပ်လိုက်တယ်။ အပ်လိုက်တဲ့ အခါကျတော့ ကျွန်တော်က လှည့်ကိုမကြည့်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အရင်းပြန်ရပြီ ဆိုရင် နောက်တစ်ခါ ပြန်လှည့်ကြည့်ရင် ကျွန်တော် ဒီထက်ရှုံးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာက လယ်လုပ်တယ်ဆိုတာ လယ်သမားတွေက တော်တော်ဒုက္ခရောက်ပါ တယ်။ ကလေး၊ သားသမီးတွေ ကျောင်းထားဖို့၊ ၁၀ တန်းအောင်ဖို့တောင် တော်တော်ခက်ခဲတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဦးသိန်းထွန်းရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ။

[ဆွေးနွေးရန် သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသိန်းထွန်း၊ ကျောက်ကုန်းမဲဆန္ဒနယ်က တင်သွင်းခဲ့တဲ့အဆိုကို ကျေးဇူးရှင် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ထောက်ခံဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်းရှိ လူဦးရေရဲ့ သုံးပုံတစ်ပုံဟာ တောင်သူလယ်သမားများဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ လွန်ခဲ့သောဆယ်စုနှစ်တစ်ခုကျော်ကဆိုရင် ရာသီဥတုမှန်ပြီး သီးနှံများဖြစ်ထွန်းတဲ့အတွက်ကြောင့် စပါးပေါ်ချိန်မှာ စားဝတ်နေရေးပြေလည်တဲ့အပြင် နောင်ရေးအတွက် ငွေကြေးစုဆောင်နိုင်ခြင်း၊ အလှူအတန်းများပြုလုပ်နိုင်ခြင်းကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ယခုအချိန်မှာတော့ စပါးစိုက်ပျိုးရေး၊ လယ်ယာလုပ်သားငှားရမ်းစရိတ်များ မြင့်မားလာခြင်း၊ ပြောင်းလဲလာတဲ့ခေတ်စနစ်အရ ခေတ်မီ လူမှုရေးအသုံးအဆောင်များအတွက် ကုန်ကျငွေများအပြင် တရိတ်ရိတ်တက်လာတဲ့ ကုန်ဈေးနှုန်း များကြောင့် နေ့စဉ်သုံးစွဲမှုစရိတ်များတိုးလာသော်လည်း ဝင်ငွေမှာတိုးလာခဲ့ခြင်းမရှိပါဘူး။ စပါး စိုက်ပျိုးဖို့အတွက် လုပ်သားငှားရမ်းခ၊ ဓါတ်မြေသြဇာဖိုး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေအတွက်

စုစုပေါင်းကုန်ကျစရိတ်ဟာ စပါးတစ်ကေပျမ်းမျှ ကျပ်နှစ်သိန်းမှ သုံးသိန်းခန့်တည်ရှိပြီး စပါး အထွက်နှုန်းက တစ်ကေပျမ်းမျှ တင်း ၅၀ မှ ၁၀၀ ခန့်ထိသာ ထွက်ရှိပါတယ်။ စပါးဈေးက ပျမ်းမျှ အားဖြင့် တင်း ၁၀၀ ကို ကျပ် ၃၈၀၀၀၀ မှ ၅၂၀၀၀၀ ခန့်ရှိပါတယ်။ စပါးပေါ်ပြီးရောင်းချပါက တစ်ကေပျမ်းမျှ အမြတ် တစ်သိန်းခန့်လောက်ပဲကျန်ပါတယ်။ စပါးစတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်း ပြီးသည်အထိ လုပ်ငန်းခွင်ကာလက ခြောက်လကြာမြင့်ပါတယ်။ စပါးတစ်ကေအပေါ်မှာရတဲ့ အမြတ်ငွေနဲ့ စပါးစိုက်ပျိုးတဲ့လုပ်ငန်းခွင်ကာလအတွင်း ကြာချိန်တွေနဲ့ တွက်ချက်လိုက်မယ်ဆိုပါက စပါးစိုက်တောင်သူတစ်ဦးရဲ့ တစ်လရရှိငွေဟာ ၁၆၀၀၀ ကျပ်ခန့်ပဲရှိပါတယ်။ နွေစပါး၊ မိုးစပါး နှစ်မျိုးလုံးစိုက်ပျိုးလို့ရမှ တစ်နှစ်အတွင်းနှစ်သီးစားအတွက် တောင်သူတစ်ဦးရဲ့အမြတ်ငွေ တစ်သိန်း ခန့်ပဲရရှိပါတယ်။ အခုနောက်ပိုင်းမှာဆိုရင် ပြည်ပသို့ဆန်တင်ပို့မှုတွေရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း စပါးစိုက်တောင်သူတွေမှာ စပါးဈေးနှုန်းက လုပ်အားခတောင်ပြန်မရတဲ့အခြေအနေတွေဖြစ်နေ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူများအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က တစ်နှစ်လျှင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ၊ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ၊ မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေ တစ်နှစ်ကိုသုံးကြိမ် ချေးငွေများထုတ်ချေးပေးလျက်ရှိနေပါတယ်။ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို မေလမှစက်တင်ဘာလကုန်အထိ ထုတ်ချေးပေးပြီးတော့ နောက်တစ်နှစ် ဧပြီလ ၁၅ ရက်နောက်ဆုံး ထားပြီး ပြန်ဆပ်ရပါတယ်။ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကိုတော့ အောက်တိုဘာလကုန်မှ ဇန်နဝါရီလကုန်အထိ ထုတ်ချေးပေးပြီးတော့ နောက်တစ်နှစ် ဇွန်လကုန်မှာ ပြန်လည်ပေးသွင်းရ ပါတယ်။ မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေကိုတော့ ဇန်နဝါရီလမှ မတ်လကုန်အထိ ထုတ်ချေးပြီးတော့ နောက်တစ်နှစ်ဖေဖော်ဝါရီလမှာ ပြန်သွင်းရပါတယ်။ တောင်သူအများစုကတော့ သတ်မှတ်ရက်အတိုင်း စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးသွင်းနိုင်မှုနည်းပါးပြီးတော့ ပထမရာသီအတွက် ချေးငွေကိုဒီနေ့ဆပ် နောက်ရက်ကိုဒုတိယရာသီအတွက် စိုက်ပျိုးရေးချေးငွေပြန်ထုတ်လိုက်နဲ့ လုံးချာလည်နေပါတယ်။ ဒီနှစ်စိုက်ပျိုးစရိတ်ထုတ်ချေးပြီး စိုက်လိုက်၊ ရာသီဥတုကမကောင်း၊ ဈေးကမရနဲ့စိုက်ပျိုးစရိတ်ချေးငွေကိုချေးပြီး ပြန်သွင်းနိုင်ဖို့ကြိုးစား ရုန်းကန်နေရတဲ့ဘဝပဲဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၆-၂၀၁၇ ခုနှစ် စပါးစိုက်တောင်သူများအတွက် ချေးငွေများကို တစ်ကေကျပ်တစ်သိန်းမှ တစ်သိန်း ငါးသောင်းကျပ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အခြားသီးနှံစိုက်ပျိုးတောင်သူများကို ချေးငွေကျပ်နှစ်သောင်းမှာ ငါးသောင်းကျပ်၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အခြားစိုက်ပျိုးတောင်သူများကို

ကျပ်ငါးသောင်းမှ တစ်သိန်းကျပ်အထိ တောင်သူများကို စိုက်ပျိုးစရိတ်များ တိုးချဲ့ပြီးပေးခဲ့ပါတယ်။ သတ်မှတ်သီးနှံ ၁၄ မျိုးအပြင် ၂၀၁၉-၂၀၂၀ ခုနှစ်မှာတော့ ပဲမျိုးစုံလေးမျိုးဖြစ်တဲ့ ထောပတ်ပဲ၊ ပဲကြီး၊ ပဲရင်း၊ စားတော်ပဲ၊ ဆီထွက်သီးနှံနှစ်မျိုးဖြစ်တဲ့ ပန်းနှမ်း၊ နေကြာနှင့် ကြက်သွန်နီ၊ ငရုပ် သီးနှံမျိုးအပြင် အခြားသီးနှံများ အတွက်လည်း ချေးငွေများထုတ်ပေးလျက်ရှိကြောင်းသိရှိရပါတယ်။ COCID-19 အထူး ချေးငွေအဖြစ် တစ်ဧကလျှင်စိုက်ပျိုးစရိတ်ကျပ်ငါးသောင်းကို ယခင်လနှောင်းကနေစပြီး ထပ်မံတိုးချဲ့ထုတ်ချေး ပေးမည်ဖြစ်ကြောင်းကိုလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဇွန်လ ၁၅ ရက်နေ့ ထုတ်ပြန်ချက်ကိုတွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တောင်သူလယ်သမားများအနေနဲ့ အစိုးရကထုတ်ချေး ပေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေများနဲ့ သီးနှံစိုက်ပျိုးဖို့ဆိုတာဟာ ယခုကာလမှာအစစအရာရာ ဈေးနှုန်းမြင့်မားနေချိန်၊ လယ်ယာလုပ်သားရှားပါးနေချိန်မှာ မလောက်ငပါဘူး။ စိုက်ပျိုးသီးနှံထွက်ရှိ သော်လည်း ဝယ်ယူမယ့်သူကလည်းနည်း၊ ဈေးကမရနဲ့ အတော်လေးကိုအကျပ်အတည်း ဖြစ်နေရပါတယ်။ ဒီအတွက်ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများရဲ့စိုက်ပျိုးသီးနှံများ ဈေးကောင်းရရှိရေးဆောင်ရွက်ပေးရန် ပြည်ပမှ လယ်ယာထွက်ကုန်ပစ္စည်းများဝယ်ယူမှုကျဆင်း နေချိန်မှာ တောင်သူများရဲ့ အခက်အခဲ၊ အကျပ်အတည်းများဖြေလျော့စေရန်၊ စိုက်ပျိုးရေး လုပ်ငန်းများနဲ့ အသုံးပြုမယ့်ကြွေးမြီများကိုဖြေလျှော့ပေးရန်၊ စိုက်ပျိုးတောင်သူများအတွက် နိုင်ငံ တကာမှထောက်ခံရရှိအောင်ဆောင်ရွက်ပေးရန်၊ အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိအောင်ဆောင်ရွက် ပေးရန် တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်(ဘောလခဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်ဖြစ်ပါတယ်။ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းတင်သွင်းသောအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေထိုင်ကြသူများဖြစ်ပြီး အများစုအဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေး ထုတ်လုပ်မှု ထုတ်ကုန်အများစုမှာ စိုက်ပျိုးရေးကဏ္ဍမှဖြစ်ပါတယ်။ GDP ရဲ့ ၃၀ ရာခိုင်နှုန်းခန့်ကို

လယ်ယာကဏ္ဍမှရှိသော်လည်း တောင်သူလယ်သမားအများစုသည် လယ်ယာမြေနည်းပါးသ၍ အကျိုးခံစားခွင့်အလွန်နည်းပါးပြီး ၎င်းတို့၏ လူမှုစီးပွားဘဝ နိမ့်ကျလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးနှင့် အခြားသောအန္တရာယ်များကျရောက်မှုတို့ကြောင့် တောင်သူလယ်သမားအများစု၏ လူမှုစီးပွားဘဝကို ထိခိုက်စေခဲ့ပါတယ်။ ယခုလို ကိုဗစ်ကာလအတွင်း ရောဂါထိန်းချုပ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများက နယ်စပ်ဖြတ်ကျော်ကူးသန်းသွားလာမှုကို ပိတ်ပင်ဟန့်တားခဲ့သည့်အတွက် နိုင်ငံတကာသို့တင်ပို့နေသည့် ဆန်စပါး၊ ဖရဲ၊ ပဲ၊ ပြောင်းစသည့် သီးနှံများ တင်ပို့ခွင့်မရသဖြင့် တောင်သူလယ်သမားများအတွက် ဆုံးရှုံးမှုများစွာ ကြုံတွေ့နေရကြောင်းသိရှိရပါတယ်။

အကျိုးဆက်အနေဖြင့် တောင်သူလယ်သမားအများစုမှာ ဝင်ငွေနိမ့်ကျပြီး အကြွေးသံသရာမှ ရုန်းမထွက်နိုင်သည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့လုပ်ကိုင်နေသော လယ်မြေများကို လှည့်လို့ရခြင်းကြောင့် လယ်မဲ့၊ ယာမဲ့ဘဝသို့ ရောက်ရှိခဲ့ရပြီး လူမှုစီးပွားဘဝအခြေအနေများပိုမိုထိခိုက်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေကို တိုးမြှင့်ထုတ်ချေးပေးနေသော်လည်း တောင်သူလယ်သမားများလိုအပ်သည့် စိုက်ပျိုးရေးစရိတ်ကို အပြည့်အဝထုတ်ချေးပေးနိုင်ခြင်းမရှိသည်မှာ ပကတိအခြေအနေဖြစ်ပါတယ်။ တောင်သူလယ်သမားများသည် လိုအပ်ချက်အကြီး/အသေးပေါ်မူတည်၍ အနိမ့်ဆုံးတစ်လ ငါးကျပ်အတိုးနှုန်းစသည့် အတိုးအမျိုးမျိုးဖြင့် ချေးငွေရယူနေကြရပါတယ်။ ထိုကဲ့သို့မြင့်မားနေသော အတိုးနှုန်းများသည် တောင်သူလယ်သမားတို့အား ဖိစီးနေသကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ဆို့တားဆီးနေသော အဟန့်အတားတစ်ရပ်လည်း ဖြစ်နေပါတယ်။ အခြေအနေကို ခြုံငုံသုံးသပ်ပါက တောင်သူလယ်သမားများသည် လိုအပ်သောစိုက်ပျိုးစရိတ်ရင်းနှီးငွေကို လုံလုံလောက်လောက်မရဖြစ်နေသည်မှာ အထင်အရှားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုစဉ်က ပြောကြားခဲ့သည့်မိန့်ခွန်းထဲတွင် တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေးကို ဖော်ဆောင်ရလိမ့်မယ်လို့ ပြောကြားခဲ့တာကို ကျွန်တော်တို့ ကြားလိုက်မိပါတယ်။ တောင်သူလယ်သမားများ၏ဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ချေးငွေစီမံကိန်းများ ဆောင်ရွက်ရန်လိုအပ်လာပါပြီ။ သို့အတွက်

ကြောင့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်သွင်းခဲ့သော ဦးသိန်းထွန်း၏ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း ဖြစ်ပါတယ်။ ကျောင်းကုန်း မဲဆန္ဒနယ်က ဦးသိန်းထွန်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအပေါ်အခြေခံ အားထားနေရဆဲဖြစ်ပြီး ကျေးလက်နေလူဦးရေဟာ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိနေတဲ့အတွက် အင်အားကြီးမားလှတဲ့စိုက်ပျိုးရေးကဏ္ဍကို အထူးအလေးထားဖို့လိုအပ်ပါတယ်။ စိုက်ပျိုးရေး လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများရဲ့လိုအပ်ချက်ဟာ ရင်းနှီးမတည်ငွေတစ်ခုတည်းမကဘဲ မြေယာပိုင်ဆိုင်မှုကအစ ထုတ်ကုန်သီးနှံတွေဈေးကွက်မှာဈေးကောင်းရတဲ့အထိ စိုက်ပျိုးရေး လုပ်ငန်းစဉ်တစ်ရပ်လုံးကို ထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။ လက်ရှိတောင်သူလယ်သမား တွေဟာ စိုက်ပျိုးစရိတ်လိုအပ်ချက်၊ မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးနည်းပညာ၊ သွင်းအားစု၊ ဈေးကွက် ဈေးနှုန်း လိုအပ်ချက်တွေများပြားနေဆဲဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေဟာ တောင်သူ လယ်သမားများအတွက် မရှိမဖြစ်လိုအပ်ချက်ဆိုပေမဲ့ လတ်တလောလုပ်ငန်းလည်ပတ်နိုင်ရေး ကိုသာဖြေရှင်းနိုင်မှာဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံးတိုးတက်ဖို့ဆိုရင် စိုက်ပျိုးရေးကုန်ထုတ် လုပ်ငန်းစဉ်တစ်ရပ်လုံးကို ပြုပြင်ပြောင်းလဲပေးဖို့ လိုအပ်နေပါတယ်။ တောင်သူလယ်သမားတွေ အနေနဲ့ စိုက်ပျိုးရေးလုပ်ကိုင်နေပေမဲ့ ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်မရတာ၊ ဈေးနှုန်းမရတာတွေ အပြင် သွင်းအားစုတွေဈေးကြီးကြီးပေးဝယ်နေရတာကြောင့် တောင်သူလယ်သမားတွေရဲ့လုပ်ငန်း တွေကျဆင်းလာတာနဲ့အမျှ ၎င်းတို့ရဲ့လူမှုဘဝတွေကျဆင်းနေတာကိုပါ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ယခုအခါ ရာသီဥတုပြောင်းလဲမှုတွေကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေများစွာထိခိုက်နေကြရ ပါတယ်။ နောက်တစ်ခုကတော့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစတဲ့ စိုက်ပျိုးရေးသုံးဓာတုပစ္စည်း များရဲ့အရည်အသွေးနှင့် စိုက်ပျိုးရေးအာမခံချက်မရှိခြင်းများလည်းပါဝင်ပါတယ်။ လယ်ယာလုပ်ငန်း တွေမကောင်းလို့ နိုင်ငံရပ်ခြားနဲ့ အခြားဝင်ငွေကောင်းတဲ့လုပ်ငန်းတွေဆီ ကူးပြောင်းသွားကြရ တာကြောင့် လုပ်သားအင်အားရှားပါးမှုပြဿနာကိုလည်း ရင်ဆိုင်နေရပါတယ်။ စိုက်ပျိုးရေး

လုပ်ငန်းများကျဆင်းမှု၊ အလုပ်အကိုင်ရှားပါးမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်တွေဟာ တောင်သူလယ်သမားတွေရဲ့နေ့စဉ်ဘဝရပ်တည်ရေးအတွက်များစွာခက်ခဲနေဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် အစိုးရအနေနဲ့ဆောင်ရွက်ပေးနေပေမဲ့ လိုအပ်ချက်များရှိနေဆဲပါ။ ဒေသတွင်းနိုင်ငံနှင့်နှိုင်းယှဉ်မယ်ဆိုရင်လည်း ကွာဟချက်တွေရှိနေဆဲပဲ ဖြစ်ပါတယ်။ ကျွမ်းကျင်လူသားအရင်းအမြစ်တွေ ပိုမိုလေ့ကျင့်မွေးထုတ်ပေးရမဲ့အပိုင်းကိုလည်း ချန်လှပ်မထားသင့်ပါဘူး။ မနှစ်က အခြေခံစပါးဈေးနှုန်း ကျပ်ငါးသိန်းသတ်မှတ်ခဲ့ပြီး ဒီနှစ်မှာ ကျပ်ငါးသိန်းနှစ်သောင်း သတ်မှတ်ထားခဲ့ကြောင်းသိရပါတယ်။ ဒါ့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သီးနှံတွေသင့်တင့်မျှတတဲ့ဈေးနှုန်းရပြီး ဈေးကွက်ခိုင်မာစေဖို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy) အစီအစဉ်တွေရေးဆွဲဆောင်ရွက်လျက်ရနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီမဟာဗျူဟာတွေဟာ အမှန်တကယ်ထိရောက်ရဲ့လား၊ တိုးတက်လာသလားဆိုတာကို ပြန်လည်ဆန်းစစ်စေလိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် လုပ်ငန်းစဉ်တွေများပြားတာကြောင့် မူဝါဒတွေ၊ စီမံကိန်းတွေ၊ အကောင်အထည်ဖော်မှုတွေဟာ အမှတ်တကယ်ထိရောက်ဖို့ လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်၊ အခန်း (၁)၊ ပုဒ်မ ၂၃ မှာတောင်သူလယ်သမားများအတွက် ဥပဒေများပြဋ္ဌာန်းရန်နှင့် ကူညီဆောင်ရွက်ပေးဖို့ ဖော်ပြထားပါတယ်။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေတွေဘယ်လိုပဲ ပြဋ္ဌာန်းထားပါစေ။ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စီမံခန့်ခွဲမှုအားနည်းရင် တိုးတက်မှုမရှိနိုင်ပါဘူး။ တောင်သူလယ်သမားတွေအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခင်လယ် တစ်ဧကေ ကို ကျပ် ၅၀၀၀၀ ကနေကျပ် ၁၀၀၀၀၀ ထိချေးပေးနေပြီး ယခုအခါမှာ COVID–19 ကြောင့် ထိခိုက်မှု များတဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို နှစ်စဉ်ချေးငွေအပြင်တစ်ဧကေလျှင် ကျပ် ၅၀၀၀၀ ကို COVID–19 Special Relief Loan အဖြစ် ထပ်ဆောင်းချေးပေးမယ်လို့ သိရပါတယ်။ ၂၀၂၀ ပြည့်နှစ်မိုးစပါးချေးငွေရရှိပြီးသူတွေသာမက အခြားသီးနှံချေးငွေရရှိပြီးသူများကိုပါ ထပ်ချေးပေးမယ်လို့ သိရတဲ့အတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအများစုဟာ နိုင်ငံတော်ကရရှိတဲ့ချေးငွေ၊ မြစိမ်းရောင်စီမံကိန်းစတဲ့ချေးငွေများဖြင့် မလုံလောက်တာကြောင့် ပြင်ပကအတိုးကြီးကြီးနဲ့ချေးငွေ

တွေကိုအားပြုပြီး ထွန်ယက်စိုက်ပျိုးလုပ်ကိုင် စားသောက်နေကြရပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ ခိုင်မာတဲ့ဈေးကွက်မရှိတဲ့အတွက် တောင်သူလယ်သမားများဟာ အကြွေးသံသရာထဲကရုန်းထွက်နိုင်ဖို့ခက်ခဲနေဆဲဖြစ်နေတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ CERP Action Plan ထဲက ပန်းတိုင် (2.1.7)မှာငွေကြေးထောက်ပံ့ခြင်းနှင့် ချေးငှားခြင်းအစီအစဉ်များပါရှိတဲ့အတွက် တောင်သူလယ်သမားတွေအတွက် အားတက်ဖွယ်ရာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက်နဲ့ ယခု (၁၇)ကြိမ်မြောက်မှာ COVID–19 ရိုက်ခတ်မှုဒဏ်ကြောင့် ချေးယူထားတဲ့ချေးငွေတွေထဲကနေ တောင်သူလယ်သမားများအတွက် အဆိုရှင်တင်ပြထားတဲ့ထောက်ပံ့ငွေ (သို့မဟုတ်) အတိုးမဲ့နှစ်ရှည်ချေးငွေအဖြစ်ချေးပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တောင်သူလယ်သမားများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေဖို့၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် စိန်ခေါ်မှုတွေကိုလက်တွေ့ကျကျဖြေရှင်းနိုင်တဲ့ မူဝါဒ၊ စီမံကိန်းတွေဖြစ်ဖို့လိုပါတယ်။ ပြည်သူနှင့်အတူ ပြည်သူကိုကိုယ်စားပြုတယ်ဆိုရင် ဖြစ်ချင်တာထက်ဖြစ်သင့်တာတွေကို အကောင်အထည်ဖော် ကြရပါမယ်။ ဒီလိုဆောင်ရွက်မှုတွေဟာ အောင်မြင်နေသလား၊ အကျိုးရှိရဲ့လားဆိုတာတွေကို စဉ်ဆက်မပြတ် သုံးသပ်နေဖို့လည်းလိုပါတယ်။ လက်တွေ့နယ်ပယ်လိုအပ်ချက်တွေ၊ အခက်အခဲတွေဖြေရှင်းနိုင်ဖို့ ဗဟိုချုပ်ကိုင်မှုတွေလျှော့ချပြီး တောင်သူလယ်သမားများပူးပေါင်းပါဝင်တဲ့မူဝါဒမျိုး ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးဦးကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးမိုးဦးကျော်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးမိုးဦးကျော် ဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုနှင့်ပတ်သက်လို့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုဟာ တောင်သူလယ်သမားများ ရေရှည်တည်တံ့နိုင်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အရပ်ရပ်ကတင်ရှိနေတဲ့အကြွေးတွေကို ဖြေလျှော့ပေးနိုင်မယ့် နိုင်ငံတကာထောက်ပံ့ငွေ အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိအောင် စီမံကိန်းချမှတ်ဆောင်ရွက်ပေးဖို့ တိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။ အကြွေးနွံနစ်နေတဲ့ တောင်သူလယ်သမားများအတွက် ထိရောက်အကျိုးရှိစေမယ့် အဆို တစ်ခုလည်းဖြစ်ပါတယ်။ ကျေးလက်မှလူဦးရေ ၆၈ ရာခိုင်နှုန်းဟာ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတွေမှာလုပ်ကိုင်နေကြကြောင်း ၂၀၁၈ ခုနှစ် ထုတ်ဝေခဲ့တဲ့ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာမှာ ဖော်ပြထားပါတယ်။ တောင်သူလယ်သမား များအနေနဲ့ ရာသီဥတုဖောက်ပြန်ခြင်း၊ လယ်ယာလုပ်သားရှားပါးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စတဲ့ သွင်းအားစုများဈေးနှုန်းမြင့်တက်လာခြင်း၊ ပိုးမွှားကျရောက်ခြင်း၊ သီးနှံဈေးနှုန်းများ ကျဆင်းခြင်းအစရှိတဲ့စွန့်စားမှုတွေကို နှစ်စဉ်ခံစားနေကြရပါတယ်။ ဒါ့အပြင် လယ်ယာကဏ္ဍကြီး အတွက် အသုံးဝင်အကျိုးပြုနိုင်မယ့် ကမ္ဘာ့အဆင့်မီကုန်လှောင်ရုံစနစ်မရှိခြင်း၊ အရည်အသွေး စီမံခန့်ခွဲခြင်းဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများမရှိခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာမှာ ဘဏ္ဍာရေးကန့်သတ်ချက်များကြောင့် ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်းစတဲ့ အခက်အခဲတွေဟာ ဒေသတွင်း နိုင်ငံများရဲ့ တောင်သူ လယ်သမားတွေနှင့်နှိုင်းယှဉ်ပါက နိုင်ငံရဲ့ တောင်သူလယ်သမားများမှာ အကျိုးဖြစ်ထွန်း သင့်သလောက်အကျိုးမဖြစ်ထွန်းတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ရေမြေရာသီဥတုကွဲပြားခြားနားမှုတွေကြောင့် စိုက်ပျိုးမှုစနစ်ကွဲပြားခြားနားပေမဲ့ တောင်သူလယ်သမားအားလုံးရဲ့တူညီတဲ့အချက်မှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရင်းနှီးငွေနှင့် သွင်းအားစုများလိုအပ်နေခြင်းပဲ ဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ချေးငွေ၊ သမဝါယမ၊ မြစိမ်းရောင်၊ ပုဂ္ဂလိကအသင်းအဖွဲ့အသီးသီးရဲ့ ချေးငွေတွေ အပြင် နိုင်ငံရပ်ခြားသို့သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မိသားစုဝင်များရဲ့ပြန်ပို့ငွေတွေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်နေကြရပါတယ်။ ဒီလိုလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမား အများစုဟာလည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးတဲ့အတွက်ကြောင့်သာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေကိုလုပ်ကိုင်နေကြရလို့ အမြတ်အစွန်းရရှိရေးထက် အချိန်မီအကြွေးဆပ်နိုင်ရေးကိုသာ အဓိကထားဆောင်ရွက်နေကြရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၂၃ မှာ တင်ပြပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ နဲ့ ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေကို ၂၀၁၄ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်မှာတစ်ကြိမ် တောင်သူလယ်သမားတွေအကျိုးအတွက် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ပေးခဲ့တာကို တွေ့ရှိရပါတယ်။ အစိုးရအနေနဲ့လည်း စပါးစိုက်ပျိုး တောင်သူလယ်သမားများအတွက် တစ်ဧကကို ကျပ် တစ်သိန်းနှုန်းချေးပေးရာမှ ယခုအခါ ကျပ် တစ်သိန်းခွဲနှုန်းတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ COVID-19 ကာလမှာအခွင့်အရေးတစ်ရပ်အနေနဲ့

တစ်ဧကကို ငါးသောင်းကျပ်နှုန်း ထပ်မံချေးပေးမှာဖြစ်လို့ တောင်သူလယ်သမားတွေအတွက် အထောက်အပံ့ကောင်းတွေရရှိစေမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လွှတ်တော်အတွင်းမှာ တောင်သူလယ်သမားတွေရဲ့အကျိုးအတွက် မေးမြန်းနေကြတဲ့မေးခွန်းများ၊ အဆိုများဟာ တောင်သူလယ်သမားများရဲ့ လက်ရှိဘဝကို ဖော်ပြထင်ဟပ်စေပါတယ်။ ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ MOPFI ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်အရ ၂၀၁၂ ခုနှစ် မိုးချေးငွေကနေ ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေအထိ ကြွေးကျန်များဟာ တစ်နိုင်ငံလုံးအနေနဲ့ ၂၉၄.၂ ဘီလီယံရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် နယ်ပယ်အသီးသီးက ချေးငွေများလည်း ကျန်ရှိနေဦးမှာဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် တောင်သူလယ်သမားတွေအနေနဲ့ လက်တွေ့မှာ အခက်အခဲဘယ်လိုရှိတယ်ဆိုတာ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ၂၉၄.၂ ဘီလီယံကိုလျှော်ပစ်ဖို့ အခက်အခဲရှိနိုင်ပေမဲ့ တောင်သူလယ်သမားတွေအတွက် အကြွေးသံသရာလည်နေတဲ့ဘဝက လွတ်မြောက်ဖို့ အစိုးရ၊ လွှတ်တော်အားလုံးအဖြေရှာဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ CERP စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ကို လွှတ်တော်သို့ရှင်းလင်းရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ ကျပ် ၉၂ ဘီလံယံတန်ဖိုးရှိကြောင်း၊ သက်သာတဲ့အတိုးနှုန်းနဲ့ထပ်ဆောင်းပေးမဲ့ ချေးငွေကျပ် ဘီလီယံ ၆၀၀ ရှိကြောင်း လယ်ယာစိုက်ပျိုးရေးအပြင် မည်သည့်သီးနှံကိုမဆို စိုက်ပျိုးတဲ့တောင်သူလယ်သမားများအတွက် MSME ကဲ့သို့သဘောထားပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များက ချေးငွေများဆက်လက်ထောက်ပံ့ပေးသွားမှာဖြစ်တယ်လို့ သိရှိရပါတယ်။ ချေးငွေများကိုထုတ်ချေးတဲ့အခါမှာ နှစ်ရှည်ချေးငွေများအဖြစ်ချေးပေးနိုင်ဖို့၊ အတိုးနှုန်းအသက်သာဆုံးဖြစ်စေဖို့ဖြစ်နိုင်လျှင် အတိုးမဲ့ချေးငွေများချေးပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးလိုပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ချေးငွေပြန်မဆပ်နိုင်တဲ့ တောင်သူလယ်သမားတွေအတွက် ဘယ်လိုစီစဉ်ဆောင်ရွက်သွားမလဲဆိုတာလည်း သိချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို COVID–19 အကျပ်အတည်းကာလမှာ ထိခိုက်မှုများရှိသလို အခွင့်အလမ်းများလည်းပေါ်ထွက်လျက်ရှိပါတယ်။ ယနေ့စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မယ့် အခွင့်အလမ်းကိုရရှိနေပါတယ်။ ဒီအခွင့်အရေးတွေကို အမိအရဆုပ်ကိုင်နိုင်ဖို့အတွက် လယ်ယာကဏ္ဍကို မြှင့်တင်ရမှာဖြစ်သလို တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း အထောက်အပံ့ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖူလုံရေး

ကို တာဝန်ကျေခဲ့တဲ့တောင်သူလယ်သမားများအတွက် ကျေးဇူးတုံ့ပြန်ဖို့အချိန်ကောင်းဖြစ်သလို နိုင်ငံတော်အစိုးရအနေနဲ့လည်း ဆောင်ရွက်ပေးနိုင်တဲ့အခွင့်အလမ်းတွေရှိနေတဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေရဲ့ဘဝ ရေရှည်ရပ်တည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လက်တွေ့ကျတဲ့ အစီအမံတွေကို ချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပြန်လည် ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

## ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ တောင်သူလယ်သမားများဘဝ ရေရှည်တည်တံ့ နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများမှာ အသုံးပြုခဲ့တဲ့ အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည် ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနဲ့စပ်လျဉ်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့တာကူးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်များနဲ့ပေါင်းစပ်ပြီးတော့ ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ပြီးတော့ ဟန်ချက်ညီတဲ့ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း[Myanmar Sustainable Development Plan-MSDP(၂၀၁၈-၂၀၃၀)]ကို မဏ္ဍိုင်သုံးရပ်၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခု၊ လုပ်ငန်းစဉ် ၂၅၁ ခုနှင့် အကောင်အထည်ဖော်ပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေး မူဝါဒ ၁၂ ရပ်အနက်က ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနဲ့ ပို့ကုန်မြှင့်တင်နိုင်ရေးတို့ အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်စေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီမျှတဲ့ စီးပွားရေးပုံစံဖော်ထုတ်ရန် မူဝါဒနဲ့အညီ ဆောင်ရွက်လျက် ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ လယ်ယာကဏ္ဍအတွက် မူဝါဒ ၁၀ ချက်ချမှတ်ထားပြီးတော့ မူဝါဒအလိုက် သက်ဆိုင်တဲ့လုပ်ငန်းစဉ်များလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာမှာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Agriculture Development Strategy -ADS) ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ အထိကို ရေးဆွဲထားပြီး ဖြစ်ပါတယ်။ Power Point ပြပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို နိုင်ငံတကာ အဖွဲ့အစည်းတွေဖြစ်တဲ့ ဩစတေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ဂျာမနီ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ နယ်သာလန်၊ အမေရိကန်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO တို့ကနေပြီးတော့ အကူအညီနဲ့ချေးငွေများရယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပအကူအညီအထောက်အပံ့စီမံချက်များနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှာပါတဲ့ နိုင်ငံရဲ့ ဦးစားပေးကဏ္ဍများအလိုက် လိုအပ်လျက်ရှိတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် များမြှင့်တင်ရေး၊ နည်းပညာနှင့်ပစ္စည်းကိရိယာအကူအညီများရရှိရေးနှင့် ထိရောက်တဲ့ဖွံ့ဖြိုးမှု အကူအညီများ ဖြစ်ပေါ်စေရေးတို့အတွက် ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဝါဒများနဲ့အညီ အလေး ထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ ပြည်ပနိုင်ငံတွေကနေပြီးတော့ရရှိတဲ့အကူအညီ ရငွေ၊ ချေးငွေတို့နဲ့ တောင်သူလယ်သမား များအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာများပံ့ပိုးပေးခြင်း၊ ထပ်ဆင့်ချေးငွေများထုတ်ချေးပေးခြင်း၊ စိုက်ပျိုးတဲ့နည်းပညာများအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ လယ်ယာသုံးပစ္စည်းကိရိယာ များပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ များကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

အဆိုပါချေးငွေများကို တင်ပြရမယ်ဆိုရင် ဒီမှာအခုကျွန်တော်တို့တင်ပြထားတဲ့အတိုင်းပဲ ပထမဦးဆုံးတော့ တရုတ်ချေးငွေဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာသန်း ၃၀၀ ယူထားပါတယ်။ ယူထားပြီးတော့ ဒီမှာတင်ပြထားတဲ့လုပ်ငန်းတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကနေပြီးတော့ ဒါတွေကို ပံ့ပိုးဆောင်ရွက်ပေးနေတာရှိပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ တရုတ်ချေးငွေကို ပြန်ဆပ်နေပါတယ်။ ဒါကလည်းဒီလယ်သမားတွေဆီကရတဲ့ ပြန်ဆပ်တဲ့ငွေတွေနဲ့ပဲ ပြန်ဆပ်နေတာဖြစ်ပါတယ်။ ဒါကို ဒီချေးငွေနဲ့လည်ပတ်လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ နောက်ချေးငွေတစ်ခုကတော့ JICA Two Step Loan ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ဒါက ကျွန်တော်တို့ ဂျပန်ယန်းနဲ့ ၁၅.၁၃၅ ဘီလီယံရှိတဲ့အတွက် မြန်မာငွေနဲ့ဘီလီယံ ၂၀၀ လောက် ရှိပါတယ်။ ဒါကိုလည်းပဲ ချေးယူပြီးတော့ ချေးငွေသက်တမ်းကနှစ်ပေါင်း ၄၀ အထိရှိတဲ့အတွက် ကြောင့် ဒီနှစ် ၄၀ အတွင်းမှာ သုံးနှစ်ချေးငွေတွေ၊ ငါးနှစ်ချေးငွေတွေသတ်မှတ်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးသမားတွေနဲ့ တောင်သူလယ်သမားများကိုချေးမှာဖြစ်ပါတယ်။ သူရဲ့အတိုးနှုန်းကို စတင်ချိန်မှာတုန်းကတော့ ရှစ်ရာခိုင်နှုန်းသတ်မှတ်ပြီးတော့ ထုတ်ချေးခဲ့ရာကနေပြီးတော့ အခုမေလ တစ်ရက်နေ့ကစပြီးတော့ ငါးရာခိုင်နှုန်းပဲ။ ဒီငါးရာခိုင်နှုန်းက ကျွန်တော်တို့အပ်ငွေအတိုးနှုန်းအတိုင်း ပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကိုရီးယားချေးငွေဖြစ်ပါတယ်။ ကိုရီးယားချေးငွေကတော့ KOICA ချေးငွေအမေရိကန်ဒေါ်လာ ၂၂ သန်းယူထားပြီးတော့ မြန်မာဆေးမားအူးလ်အွန်ဒုန်ဆိုတဲ့ စံပြကျေးရွာနာမည်နဲ့လူသိများပါတယ်။ စံပြကျေးရွာတွေတည်ထောင်ခြင်းနဲ့ ဒါကို ခြောက်နှစ် စီမံကိန်းသတ်မှတ်ပြီးတော့ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် မြို့နယ်ပေါင်း ၂၇ မြို့နယ်၊ စီမံကိန်း ကျေးရွာပေါင်း ၁၀၀ ရွေးချယ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကတော့ IFAD Loan ၏နှစ်ရှည်ချေးငွေမှာလည်း အမေရိကန်ဒေါ်လာ ၁၈.၇၂ သန်း ယူပြီးတော့ စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း(FARM Project)ကို နေပြည်တော်ကောင်စီနယ်မြေ ငါးမြို့နယ်မှာ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့ ဘဏ်ရယ်၊ အီတလီအစိုးရရယ်၊ ဂျပန်အစိုးရရယ်ပေါင်းစပ်ပြီးတော့ ချေးငွေ၊ ထောက်ပံ့ငွေ ရောထားတဲ့ အမေရိကန်ဒေါ်လာ ၅၆၄.၂ သန်းနဲ့ လူထုဗဟိုပြုစီမံကိန်း(CDD Project)လို့ လူသိများတဲ့ Community Driven Development Project ကို မြို့နယ် ၇၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၄၉၁၈ ရွာမှာ ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်

ရှိပါတယ်။ ကျေးရွာလူထုကိုယ်တိုင် မိမိတို့ရဲ့လိုအပ်ချက်တွေကိုဖော်ထုတ်ပြီးတော့ မိမိတို့ကိုယ်တိုင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့နည်းလမ်းနဲ့ ကျေးရွာများမှာ အကောင်အထည်ဖော် နေတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ MEB ရဲ့ လယ်ယာ Two Step loan ဖြစ်ပါတယ်။ ဒါက JICA Two Step Loan ရတဲ့အခါမှာ JICA Two Step Loan ကို နည်းနည်းလေးရဖို့ခက်ခဲတဲ့ တောင်သူလယ်သမားများအတွက် ကျွန်တော်တို့တီထွင်ပေးတဲ့ Loan ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့နိုင်ငံပိုင်ဘဏ်ရဲ့ အများပြည်သူအပ်ထားတဲ့ အပ်ငွေထဲကနေပြီးတော့ JICA ကဲ့သို့ပဲ Two Step Loan ကို MEB ကနေ MADB ကိုပေးပြီးတော့မှ MADB ကနေချေးပေးတာဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ အတိုးနှုန်းကိုသက်သာအောင်လို့ ၁-၅-၂၀၂၀ ရက်နေ့မှာစပြီးတော့မှ ၆.၅ ရာခိုင်နှုန်းယူထားတာဖြစ်ပါတယ်။ MEB အနေနဲ့ အများပြည်သူကို အတိုးနှုန်း ၅ ရာခိုင်နှုန်း ပေးရပါတယ်။ ကျွန်တော်တို့ ဒီချေးငွေအပေါ်မှာတော့ ၆.၅ ရာခိုင်နှုန်းနဲ့ယူပြီးတော့ ချေးခြင်းဖြစ်ပါ တယ်။ ဒါကတော့ ကျွန်တော်တို့ JICA ချေးငွေလောက် စည်းကမ်းချက်များတင်းကျပ်ခြင်းမရှိဘဲနဲ့ လျှော့ပေါ့ပေးထားတဲ့ချေးငွေ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကတော့ နိုင်ငံတော်ကနေပြီးတော့ ကမကထလုပ်တဲ့စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ မိသားစုဝင်ငွေတိုးပွားလာဖို့အတွက် ကျေးရွာပေါင်း ၁၁၆၆၆ ရွာမှာ ကျေးရွာတစ်ယူနစ်ကို ကျပ်သန်း ၃၀ နှုန်းနဲ့ အရင်းမပျောက် လည်ပတ်မတည်ရန်ပုံငွေနဲ့ မတည်ပေးလျက်ရှိတဲ့ အနေအထားဖြစ်ပါတယ်။ နိုင်ငံတော်ကနေပြီး တော့ ကျပ် ၂၈၆.၇၁ ဘီလီယံ မတည်ထားပါတယ်။ ကျေးရွာလူထုရဲ့ဆောင်ရွက်မှုကြောင့် တိုးလာတဲ့ ငွေကတော့ ၁၄၈.၃၉ ဘီလီယံရှိပါတယ်။ စုစုပေါင်း ကျပ် ၄၃၅.၁ ဘီလီယံနဲ့ ကျေးလက် အိမ်ထောင်စုပေါင်း တစ်သန်းကျော်ကို အကျိုးပြုစေလျက်ရှိတဲ့စီမံကိန်းဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ CERP ဒါကတော့ ကိုယ်စားလှယ်တော်ကြီးတွေဆွေးနွေးသွားတဲ့အထဲမှာလည်း ပါပါတယ်။ CERP အစီအစဉ်ဖြစ်လာတဲ့အခါကျတော့ COVID-19 ကာလမှာ နိုင်ငံတော်ရဲ့ ပြည်ထောင်စု ရန်ပုံငွေထဲကနေပြီးတော့မှ အထွေထွေပိုလျှံရန်ပုံငွေထဲကနေပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို Action Plan တွေကို အကောင်အထည်ဖော်နိုင်ဖို့ ၉၂ ဘီလီယံ ခွင့်ပြုပေးထားပါတယ်။ ဒါက အခု ပြည်ထောင်စုဝန်ကြီးတို့၊ ဒုတိယဝန်ကြီးတို့ကိုလည်း နယ်တွေ ဆင်းပြီးတော့ လိုက်ပြီးတော့လုပ်နေပါတယ်။ ဒါတွေကတော့ အခုဒီမှာတင်ပြတဲ့ စိုက်ပျိုးရေး သွင်းအားစုတွေဝယ်ဖို့၊ နောက်မျိုးစေ့ထုတ်တောင်သူတွေရဲ့ မျိုးစေ့ထုတ်နိုင်အောင်၊ နောက်

မြစိမ်းရောင်စီမံကိန်းအပေါ်မှာ ထပ်ဆောင်းပြီးတော့ အကောင်အထည်ဖော်ပေ၊ ငါးမွေးမြူရေး လုပ်ငန်းတွေမှာ ငါးတွေ၊ ငါးသားပေါက်တွေထည့်ပေးတာတွေ၊ လယ်ယာသုံးစက်ကိရိယာဖြည့်ပေးဖို့ စသဖြင့် စိုက်ပျိုးရေးရော၊ မွေးမြူရေးရောအတွက်ကို ကျွန်တော်တို့ ဘက်စုံကနေပြီးတော့ ထောက်ပံ့ပေးမယ့် အထူးသဖြင့်တော့ ထိခိုက်တဲ့လုပ်ငန်းတွေကို အထောက်အပံ့ပေးမယ့် CERP အသုံးစရိတ်များဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်တဲ့ ဗိုလ်မှူးမိုးဦးကျော်နဲ့ ဒုတိယဗိုလ်မှူးကြီးဇေယျာမင်းတို့ ဆွေးနွေးတင်ပြထားတဲ့အတိုင်းပါပဲ။ ဒါစိုက်ပျိုးစရိတ်ချေးငွေနည်းလမ်းတစ်ခုတည်းကို စဉ်းစားတာမဟုတ်ဘဲနဲ့ ထုတ်လုပ်မှုလမ်းကြောင်း တစ်လျှောက်အတွက်ကို စဉ်းစားဖန်တီးပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ယူထားတဲ့ချေးငွေတွေ၊ ထောက်ပံ့ငွေတွေကတော့ လယ်သမားတွေကို တိုက်ရိုက်ထောက်ပံ့ပေးတာ၊ တိုက်ရိုက်ချေးပေးတာမျိုး ကျွန်တော်တို့အစီအစဉ်မရှိသေးသော်လည်းပဲ ယခုကဲ့သို့ယူထားတဲ့ စီမံကိန်းအလိုက်၊ စီမံကိန်းအလိုက် ယူထားတဲ့ချေးငွေတွေနဲ့ CERP အစီအစဉ်အရ ချေးငွေတွေဟာ၊ ထောက်ပံ့ငွေတွေဟာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်းရှိသလို လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ထဲမှာလည်းရှိမယ်ဆိုတဲ့အခြေအနေရှိကြောင်း တင်ပြလိုပါတယ်။ တစ်ဧကကို ကျပ် ၁၅၀၀၀၀ နှုန်းနဲ့ချေးနေတဲ့ မိုးစပါးအပေါ်မှာလည်းပဲ CERP အရ ထပ်ပြီးတော့ ကျပ် ၅၀၀၀၀ အထူးချေးငွေအဖြစ်နဲ့ ထပ်ဆောင်းပြီးတော့ ထုတ်ချေးပေးတာရှိပါတယ်။ ဒါဟာ မိုးစပါးအပြင် အခြားသောသီးနှံများအပေါ်မှာလည်း ချေးပေးဖို့အစီအစဉ်ရှိပါတယ်။ ဒီအတွက်ကို ကျွန်တော်တို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကနေပြီးတော့ ကျပ်ဘီလီယံ ၆၀၀ အသုံးပြုရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားတွေအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို ၁၉၅၂ ခုနှစ်ကတည်းကစပြီးတော့ အစဉ်တစိုက်ကူညီပံ့ပိုး ခဲ့ပြီးတော့မှ အခါအားလျော်စွာလည်းပဲ နှုန်းထားတွေကိုတိုးမြှင့်ပေးခဲ့ပါတယ်။ ယခုနောက်ဆုံးနှုန်း ကတော့ တစ်ဧကကို ကျပ် ၁၅၀၀၀၀ နှုန်းဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်မြင့်ဆွေးနွေးသလို ထုတ်ပေးတဲ့အချိန်ကာလကတော့ နှစ်စဉ်နှစ်စဉ် သကြင်္န်ပြီးတာနဲ့ မေလ ၁၅ ရက်နေ့ကစပြီးတော့ ချေးငွေတွေကိုထုတ်ပေးတာပါ။ ချေးငွေထုတ်ပေးတဲ့ကာလသည် မေလ ၁၅ ရက်နေ့ကနေပြီးတော့ ယခုဆိုရင် စက်တင်ဘာလ ၃၀ ရက်နေ့အထိကို တောက်လျှောက် ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးပြီးမှရလာတယ်ဆိုတဲ့ကိစ္စကတော့ နယ်မြေ ဒေသအခြေအနေတွေပေါ်မှာ မူတည်ပြီးတော့မှ ရရှိတဲ့အခြေအနေဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ ကျွန်တော်အထက်မှာတင်ပြခဲ့သလို ပြည်ပ Loan တွေကိုလည်းပဲ သင့်လျော်သလို

ရယူပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီမှာ တရုတ်နိုင်ငံချေးငွေ၊ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေ၊ မြစိမ်းရောင်၊ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ခြင်းစတဲ့ ဒီဟာတွေကို အဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီးတော့ တစ်ဖက်မှာလည်းပဲ ပုဂ္ဂလိကကုမ္ပဏီများနဲ့ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း(Micro Finance Institution)တွေကလည်းပဲ အာမခံမဲ့ဝိုင်းကြီးချုပ်ချေးငွေ တွေကို ထုတ်ချေးပေးလျက်ရှိပါတယ်။ တစ်ဖက်ကလည်း တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို လွှတ်တော်ကိုယ်စားလှယ်ကြီးတွေဆွေးနွေး သလို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီးတော့ စပါးဈေးကျဆင်းမှုကို ကာကွယ်နိုင်ဖို့အတွက် နိုင်ငံတော်ကနေပြီး တော့ လှည့်ပတ်ရန်ပုံငွေများထုတ်ပေးပြီးတော့ အခြေခံစပါးဈေးနှုန်း သတ်မှတ်ပြီးတော့ ဝယ်ယူ ပေးခဲ့တာတွေကိုလည်း လုပ်ခဲ့ပါတယ်။ ဒါတွေအားလုံးကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်းအဆိုမှာ ဖော်ပြထားတဲ့အတိုင်းပဲ တောင်သူ လယ်သမားများဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလို့ရှိရင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို ပိုမိုကောင်းမွန်ပြီးတော့ အမျိုးအစားတွေစုံလင်တဲ့ ဘဏ်ချေးငွေတွေ၊ ဘဏ်ဝန်ဆောင်မှုတွေ ပေးအပ်နိုင်ဖို့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကြီးကိုလည်းပဲ ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်ပြီး ပိုမိုထိရောက်အောင်ဖွဲ့စည်းရေးကိစ္စတွေကိုလည်း ကျွန်တော်တို့ စတင်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ယခုကျွန်တော်တင်ပြခဲ့တဲ့ကိစ္စများဟာ နိုင်ငံတော် အနေနဲ့ တောင်သူလယ်သမားများရဲ့ဘဝမြှင့်တင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဘက်ဘက်ကနေပြီးတော့ ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေတွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ နည်းဥပဒေ ၃၆ မှာ ကျွန်တော်ဒီမှာ တင်ပြတဲ့အတိုင်းပဲ ပြဋ္ဌာန်းထားပါတယ်။ ဒါကတော့ အထူးသဖြင့် နည်းဥပဒေခွဲ(က)ပါ။ ပေးဆပ်ရန် ကျန်ရှိတဲ့ ချေးငွေအရင်းနဲ့အတိုး၊ ဒဏ်တိုးတို့ကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ တောင်းခံယူနိုင် သည်ဆိုတဲ့ ပြဋ္ဌာန်းချက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ နှစ်အဆက်ဆက်၊ ခေတ်အဆက်ဆက်တင်ခဲ့တဲ့ကြွေးမြီတွေကို လျှော်ပေးခွင့်မရှိဘဲနဲ့ ကျွန်တော်တို့ကလည်း လျှော်ပေးခွင့်မပြုပါဘူး။ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရတဲ့ကြွေးမြီများဖြစ်တဲ့ အတွက်ကြောင့် ကြွေးမြီတွေလျှော်ပေးရန်အလို့ငှာ ပြည်ပအကူအညီရငွေ၊ ပြည်ပချေးငွေရယူ ရခြင်းဟာ သင့်မြတ်လျော်ကန်မှုမရှိနိုင်ပါကြောင်းကို ကျွန်တော်တင်ပြလိုပါတယ်။ ချေးငွေပေးအပ် မယ့်အဖွဲ့အစည်းများအနေနဲ့လည်းပဲ ချေးငွေသုံးစွဲမယ့်ရည်ရွယ်ချက်ကို သေသေချာချာစိစစ်

ဆန်းစစ်ပြီးတော့မှ သူတို့ရဲ့မူဝါဒနဲ့ကိုက်ညီမှသာ ဒီချေးငွေများကို ထုတ်ချေးနိုင်မှာလည်း ဖြစ်ပါတယ်။ တောင်သူလယ်သမားများ အမှန်တကယ်အခက်အခဲကြုံတွေ့ရမှုများအပေါ်မှာ စိုက်ပျိုးစရိတ်ချေးငွေတွေကိုဆိုင်းငံ့ပေးသင့်လို့ရှိရင် ဥပဒေနဲ့အညီစိစစ်တင်ပြပြီးတော့ ဆိုင်းငံ့ကောက်ခံပေးလျက်ရှိပါတယ်။ ယနေ့အထိလည်း ကျွန်တော်တို့ဆိုင်းငံ့ကောက်ခံပေးနေရတဲ့အမှုတွဲတွေ ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ၊ မချမ်းသာသေးတဲ့နိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့် ကြွေးမြီခံနိုင်ရည်ရှိမှုကိုထိန်းသိမ်းဆောင်ရွက်ရမှာဖြစ်ပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်နေတဲ့ အခြေခံအဆောက်အအုံစီမံကိန်းများဖြစ်တဲ့ လျှပ်စစ်မီး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေရရှိရေးစတဲ့ စီမံကိန်းများနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စတဲ့စီမံကိန်းတွေအတွက်ကို ဟန်ချက်ညီအောင် ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဝါဒများနှင့်အညီစိစစ်ပြီးတော့ ပြည်ပချေးငွေတွေ ရယူဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သို့ဖြစ်ပါ၍ ကျောင်းကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ တောင်သူလယ်သမားများဘဝ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေမှာအသုံးပြုခဲ့တဲ့ အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မယ့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုမှာ တောင်သူလယ်သမားများအပေါ် ထားရှိတဲ့စေတနာကိုဖော်ပြနေပါသော်လည်း ကြွေးမြီများဖြေလျှော့ပေးနိုင်ရန်ကိစ္စသည် တည်ဆဲဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ပြည်ပကြွေးမြီများကို ကြွေးမြီခံနိုင်ရည်ရှိမှုအတိုင်းအတာအပေါ်မှာမူတည်ပြီးတော့ စိစစ်ရယူရမည်ဖြစ်ခြင်း၊ ကြွေးမြီကိုတာဝန်ကျေစွာနှင့် ပြန်လည်ပေးဆပ်နေတဲ့ တောင်သူလယ်သမားများကို ငဲ့ညှာထောက်ထားရမည်ဖြစ်ခြင်း၊ ကြွေးမြီကိုလျော်ပေးရန် စဉ်းစားခြင်းထက် ကြွေးမြီးပေးဆပ်နိုင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းကို စဉ်းစားသင့်ခြင်းက ပိုမိုသင့်လျော်ခြင်းစတဲ့အကြောင်းများကြောင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အခက်အခဲရှိတဲ့ စီမံကိန်းဖြစ်ပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ဒီနေ့တင်ခဲ့တဲ့အဆိုကို ဝိုင်းဝန်းပြီးဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၊ တပ်မတော်သားကိုယ်စားလှယ်နှစ်ဦး စုစုပေါင်းရှစ်ဦးကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ အသေးစိတ်ဆွေးနွေးပေးပါသော ဒုတိယဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ဒီအဆိုကို တင်လိုက်တာသည် ကျွန်တော်တို့ရဲ့တောင်သူလယ်သမားတွေရဲ့အကြွေးဟာ ကျပ် ၂၉၄.၂ ဘီလီယံရှိနေပါတယ်။ အဲဒီတော့ ဒီအကြွေးတွေသည် ဘယ်အချိန်ကတည်းကရှိနေလဲဆိုတော့ ၂၀၁၂ ခုနှစ်ကတည်းက။ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်ကနေပြီးတော့ အခု ၂၀၁၉ ခုနှစ်အထိ ကိုးနှစ်တာကာလမှာ တစ်နှစ်မှ အကြွေးတွေက ကျေခြင်းမရှိဘဲနဲ့ ဒီအကြွေးတွေက တစ်နှစ်ထက်တစ်နှစ်ထပ်လာတဲ့အခါကျတော့ ရှေ့ကိုလည်း ပိုပြီးတော့ ဒီအကြွေးတွေက များသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျပ် ၂၉၄.၂ ဘီလီယံက လာမယ့်နှစ်မှာ ဒီထက်ပိုများသွားနိုင်ပါတယ်။ အဲဒီတော့ ဒီအကြွေးတွေကို ကျေဖို့ဆိုတဲ့ဟာက ဒီအကြွေးတွေက တောင်သူလယ်သမားတွေရဲ့လက်ထဲမှာရှိနေပါတယ်။ ဒီလိုအကြွေးတွေကိုကျေပြီးမှသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း အချိန်မီအကြွေးများကို လယ်သမားလက်ထဲကို ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ မေလ ၁၅ ရက်နေ့ကနေစပြီးတော့ စက်တင်ဘာလ ၃၀ ရက်နေ့အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးတယ်ဆိုတဲ့ဟာက ဒီငွေတွေဟာ လယ်သမားတွေရဲ့လက်ထဲ ရောက်နေတဲ့အခါ ဘဏ်အနေနဲ့ကလည်း သူ့မှာငွေမရှိတဲ့အခါကျတော့ ပြန်ဆပ်မှသာလျှင် ချေးလို့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ကျောင်းကုန်းမြို့နယ်မှာဆိုရင် အခုအချိန်အထိ အုပ်စုတွေ မစုံသေးပါဘူး။ လယ်သမားတွေ မစုံသေးပါဘူး။ ပြောရင်တော့ ၆၈ အုပ်စုမှာ ၆၀ အုပ်စုလောက်ပဲ ချေးနိုင်တယ်။ ကိုဗစ်ပွဲပိုးတာတောင်မှ ၅၀ အုပ်စုလောက်ပဲ ချေးနိုင်တယ်။ ၁၈ အုပ်စုက မချေးနိုင်ဘူးဖြစ်နေတယ်။ မပေးနိုင်ဘူး ဖြစ်နေတယ်။ အဲဒီတော့ ဒါဟာလယ်သမားတေ့ွက အင်မတန်မှ အကျပ်တွေ့နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အကြွေးကို ချော်ပေးဖို့ပြောခြင်းမဟုတ်ပါဘူး။ နိုင်ငံတော်ကထောက်ပံ့ငွေ ဥပမာ-အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို နိုင်ငံတကာထောက်ပံ့ငွေကို သူ့အချိုးနဲ့ပေးတယ်။ နိုင်ငံတော်က ဖြည့်ပြီးတော့ပေးလိုက်တယ်။ ဒါမျိုးတွေ တကယ်လို့ပေါ်လာနိုင်ရင် ဒါလေးတွေကို ထောက်ပံ့ငွေနဲ့ဆိုတော့ နိုင်ငံတော်ကလည်း ပြန်ဆပ်စရာမလိုဘူး။ လယ်သမားကလည်း ပြန်ဆပ်စရာမလိုဘူး။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောထားပဲပြောပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ဒါဆို လယ်သမားတွေက အဆင်ပြေနိုင်ပါတယ်။ ဒီလိုမှမရဘူးဆိုလို့ရှိရင်လည်း နှစ်ရှည်ချေးငွေပါပဲ။ အီတလီအစိုးရဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ကျေးလက်ဒေသတွင် လျှပ်စစ်မီးအတွက် အဓိကအားဖြင့် ချင်းပြည်နယ်နှင့် ချင်းပြည်နယ်ထိစပ်နေတဲ့ဒေသဆိုရင် အတိုးမဲ့နှစ်ရှည်က ယူရိုသန်း ၃၀ လောက် ချေးပေးပါတယ်။ ချေးပေးတဲ့အခါကျတော့ ပြန်ဆပ်ကာလ ၁၈ နှစ်လောက်ဖြစ်တယ်။ ဆိုင်းငံ့ကာလက ၁၀ နှစ်လောက်ဖြစ်တဲ့အခါကျတော့ ၂၈ နှစ်အကြာပြန်ဆပ်ရတယ်။ ဥပမာ ၂၀၁၈-၂၀၁၉ ခုနှစ်က ငွေတွေက။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ အဆိုနှင့်ပတ်သက်ပြီးမှ ပြန်လည်ရှင်းလင်းဖို့ မဟုတ်ပါဘူး။ အဲဒီအဆိုအပေါ်မှာ မည်သို့သဘောထားတယ်ဆိုတဲ့အပိုင်းကို ပြောကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ပါတယ်။ အဲဒီလို အတိုးမဲ့နှစ်ရှည်တွေ ရှိတဲ့သဘောကို ပြောတာပါ။ အတိုးမဲ့နှစ်ရှည်တွေကို တကယ်လို့ လယ်သမားတွေကို နှစ်ပေါင်း ၂၀၊ ၃၀ စသည်အားဖြင့် ချေးပေးလို့ရှိရင် ဒီငွေတွေကို ပြန်ပြီးတော့ လယ်သမားတွေကပဲ အချိန်တန်ပြန်ဆပ်ရမှာပဲ။ နိုင်ငံတော်က ပြန်ဆပ်စရာမလိုပါဘူးခင်ဗျား။ ဒါကြောင့် ဒါတွေကို ချေးပေးမယ်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ လယ်သမားတွေအတွက် ပိုပြီးတော့အဆင်ပြေသွားမယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ ပိုပြီးတော့ လုပ်လို့ရမယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း ငွေလုံးငွေရင်းတွေရသွားတဲ့အခါကျတော့ အချိန်မီချေးပေးနိုင်မယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ သဘောထားပြောပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ အဆိုကို အတည်ပြုပေးဖို့လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်ထားသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင်သဘောကွဲလွဲတဲ့အတွက် ဦးသိန်းထွန်း တင်သွင်း

သွားတဲ့အဆို နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် မတ်တပ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် ဆုံးဖြတ် သွားမှာ ဖြစ်ပါတယ်။ အဆိုကို ထောက်ခံပါက မိမိနေရာတွင် မတ်တပ်ရပ်၍ ဆန္ဒပြုကြရန် ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဝန်ကြီးဌာန ရဲ့ မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ မတ်တပ်ရပ်၍ ဆန္ဒပြုပေးဖို့ အသင့်ဖြစ်စေ လိုပါတယ်။ မတ်တပ်ရပ်၍ ဆန္ဒပြုနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။ ယခုဆန္ဒပြုလို့ပြီးပါပြီ။ ရရှိတဲ့မဲစာရင်းကို ကြေညာပါမယ်။ တက်ရောက်သူ လွှတ်တော်ကိုယ်စားလှယ် ၃၆၄ ဦးအနက် ထောက်ခံဆန္ဒပြုသူ ၁၂၄ ဦးနှင့် ကန့်ကွက်ဆန္ဒပြုသူ ၂၄၀ ဦးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အတွက်အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃:၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နေ့လယ် ၁၃:၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့

## (၂၀.၈.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Maj Genl Soe Tint Naing — Dr Aung Tun Khine




U Hla Kyaw — U Win Naing





U Hla Kyaw — U Min Thein




U Hla Kyaw — U Win Win





U Hla Kyaw — Daw Mi Kon Chan




Dr Kyaw Linn — U Aung Kyaw Oo

-




Dr Kyaw Linn U Kyaw Soe




Dr Kyaw Linn U Ohn Lwin




Dr Kyaw Linn U Aung Zaw Myint

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်